# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၀)


# ရှိရင်းစွဲနယ်မြေအေးချမ်းတည်ငြိမ်မှုများကို ယခုထက်မက ပိုမိုတည်ငြိမ်အေးချမ်းအောင် အားထုတ်ကြိုးပမ်းမှသာ မြင့်မားသော လူ့အသိုက်အဝန်းတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်

## (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့သည့် သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ သွေးချင်းတိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခါသမယတွင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ကိုယ်စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်လာခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အေးအတူပူအမျှ သွေးသားရင်းချာ ညီအစ်ကိုများအဖြစ် အမိမြေပေါ်တွင် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထိုသို့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့သော်ငြား ကိုလိုနီနယ်ချဲ့တို့ မြန်မာ့မြေပေါ်သို့ ရောက်ရှိလာချိန်မှစ၍ သွေးခွဲအုပ်ချုပ်မှုများကြောင့် တဖြည်းဖြည်းချင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ ၁၉ ရာစုနှောင်းပိုင်း၌ နယ်ချဲ့အင်္ဂလိပ်တို့ သွေးတိုးစမ်း ကျူးကျော်လာခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း အဖိုးတန်သစ်၊ ဝါး၊ ပရဆေးပင်များ ပေါ်များခြင်း၊ ကောက်ပဲသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်ခြင်းနှင့် မြေအောက်ရေအောက် သဘာဝသယံဇာတတွင်းထွက်များ ပေါ်များခြင်းတို့ကြောင့် မြန်မာနိုင်ငံအား စီးပွားရေးစားကျက်နယ်မြေသစ်အဖြစ် လက်ဝါးကြီးအုပ်လိုသည့် ကိုလိုနီနယ်ချဲ့တို့သည် ကျူးကျော်စစ်ပွဲများ ဆင်နွှဲကာ အတင်းအဓမ္မသိမ်းပိုက်ခဲ့ကြပါသည်။

ထိုသို့ နယ်ချဲ့တို့၏ မတရားကျူးကျော်ပြုမူခြင်းများကို မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တွန်းလှန်ခဲ့ကြရာတွင် မိုးနဲစော်ဘွား၊ မိုင်းပွန်စော်ဘွား၊ မိုင်းနောင်စော်ဘွား၊ မောက်မယ်စော်ဘွား၊ ကျိုင်းတုံစော်ဘွားနှင့် ရပ်စောက်စော်ဘွားစသည်တို့ ဦးဆောင်သည့် ရှမ်းတိုင်းရင်းသားများကလည်း မြန်မာတိုင်းရင်းသားများနှင့် တစ်သွေးတည်းတစ်သားတည်းလက်တွဲ၍ ကျူးကျော်လာသူနယ်ချဲ့များအား တွန်းလှန်တိုက်ထုတ်ခဲ့ကြပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ●


# ပြည်သူများ အပန်းဖြေသွားရောက်လည်ပတ်ရန် အသင့်တော်ဆုံးနေရာ မိုးကောင်းမြို့နယ်အတွင်းရှိ လွဲပုတ်ရွာဟောင်းရေတံခွန်

**မိုးကောင်း ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့တွင်ရှိသည့် လွဲပုတ်ရွာဟောင်းရေတံခွန်သည် အပေါ်ပိုင်း ရေပြင်ကျယ်၍ ရေစီးအားကောင်းမွန်ပြီး ကျောက်တုံးကျောက်စိုင် အဆင့်ဆင့်တစ်လျှောက် တောင်ကျစမ်းချောင်းသဖွယ် စီးဆင်းနေသည့်အတွက် ခရီးသွားပြည်သူများ လာရောက်အပန်းဖြေနိုင်သည့် နေရာကောင်းတစ်ခု ဖြစ်သည်။

လွဲပုတ်ရေတံခွန်ကို သွားမည်ဆိုပါက မိုးကောင်းမှ ဆားမှော်ကျေးရွာကိုဖြတ်ပြီး ထီးချိုင့်အထိ ၁၄ မိုင်ခန့်ကို ကား / ဆိုင်ကယ်တို့ဖြင့် မိနစ် ၃၀ သို့မဟုတ် ၄၅ မိနစ်ခန့် စီးနင်းမောင်းနှင်ရသည်။

ထီးချိုင့်ကျေးရွာမှတစ်ဆင့် အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ လွဲပုတ်ရေတံခွန်ရှိရာ တောင်ခြေသို့ မိနစ် ၂၀ ခန့်ကြာ သွားရမည်ဖြစ်သည်။


*စာမျက်နှာ ၃ ကော်လံ ၅* ❑




ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု အရှိန်မြှင့်တင်ရေး ဥရောပနှင့် ဆေးဝါးထုတ်လုပ်ရေးအဖွဲ့များ အတူတကွလုပ်ဆောင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း


စာ » ၁၃


ရောဝတီမြစ် သဲသောင်ပြင်များတွင် လာရောက်ကျက်စားသော ဆောင်းခိုဟင်္သာငှက်များ ယခုနှစ်တွင် ကောင်ရေလျော့နည်းလာ


စာ » ၂၆





မြန်မာ့အလင်း

## ရောဂါကာကွယ်ရေး စည်းမျဉ်းများနှင့် ဘုရားကျောင်းကန်၌ ဝတ်ပြုဖူးမြော်ခွင့်

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးတွင် လာမည့် ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် သက်ဆိုင်ရာတို့က အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်သည်။ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ဘုရားဖူးမြော်ခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့ရသည်မှာလည်း ၁၀ လကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ စုပေါင်းဝတ်ပြုမှုများနှင့် သာသနိကအဆောက်အအုံများမှတစ်ဆင့် ကပ်ရောဂါကူးစက်မှုများ မိမိတို့နိုင်ငံတွင်ရော အခြားကမ္ဘာ့နိုင်ငံများ၌ပါ ဖြစ်ပွားခဲ့သည့် သာဓကများကြောင့် ဘုရားကျောင်းကန်များတွင် ဖူးမြော်ဝတ်ပြုခွင့်နှင့်တကွ လူစုလူဝေးနှင့် ဘာသာရေး အခမ်းအနား ကျင်းပခွင့်များကိုပါ ယာယီအားဖြင့် ဆိုင်းငံ့ထားရခြင်းပင် ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို အတိုင်းအတာ တစ်ရပ်အထိ ထိန်းချုပ်လာနိုင်ပြီဖြစ်သလို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံသည့် လုပ်ငန်းကိုလည်း စတင်လာပြီဖြစ်သည့်အတွက် ဘုရားပုထိုးစေတီများတွင် ဖူးမြော်ကြည်ညိုခွင့်များ ပြန်လည်ခွင့်ပြုရန် စီစဉ်လာခြင်းလည်းဖြစ်သည်။ သတိပြုရမည့်အချက်မှာ ကိုဗစ်-၁၉ ကပ်ရောဂါသည် တည်ရှိနေဆဲဖြစ်ပြီး သတိကင်းလွတ်မိ၊ ပေါ့ဆမိပါက တစ်ယောက်မှစ၍ တစ်ရာဆိုသလို ရောဂါကူးစက်ပျံ့နှံ့မှု ရုတ်တရက် ပြန်လည်မြင့်တက်သွားနိုင်သည့် အန္တရာယ် ရှိနေခြင်းပင်ဖြစ်ရာ ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို တိတိကျကျ သေသေချာချာ လိုက်နာဆောင်ရွက်ကြရန် လိုသည်။ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ စသည်ဖြင့် ဦးစားပေးအစီအစဉ်များ သတ်မှတ်ထားခြင်း၊ အချိန်ကန့်သတ်ထားခြင်းတို့အပါအဝင် အခြားသတ်မှတ်ထားသည့် စည်းကမ်းချက်များကို နားလည်မှုရှိစွာ လိုက်နာကြရမည့်အပြင် တွေ့ကြုံရဖွယ်ရှိသည့် အချို့သော အဆင်မပြေမှုနှင့် အခက်အခဲတို့ကို ကုသိုလ်စိတ် ရှေ့ထား၍ စိတ်ရှည်သည်းခံကြရမည်လည်း ဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘုရားစေတီပုထိုးများတွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုရားဖူးမြော်ခွင့်ကို အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် ခွင့်ပြုပေးခြင်းဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ မပေါ်ပေါက်သေးသည့် အချိန်ကာလက အခြေအနေသို့ ပြန်မရောက်သေးသည်ကိုလည်း သတိမူကြရမည်ဖြစ်သည်။ စေတီရင်ပြင်၊ တန်ဆောင်း၊ ဇရပ်များတွင် အချိန်ကြာမြင့်စွာ နေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ အလှူအတန်းကျွေးမွေးလှူဒါန်းခြင်းကဲ့သို့သော အချိန်ယူဆောင်ရွက်ရမည့် ကိစ္စများ ပြုလုပ်၍ မရသေးသည်ကိုလည်းကောင်း၊ ဘုရားဖူးမြော်ဝတ်ပြုခြင်းနှင့် ကောင်းမှုကုသိုလ်ပြုခြင်း အစီအစဉ်အားလုံး ခွင့်ပြုထားသည့် တစ်နာရီအတွင်း ပြီးမြောက်စေရမည်ကိုလည်းကောင်း မှတ်သား ဆောင်ရွက်ကြခြင်းဖြင့် စိတ်နှလုံးချမ်းမြေ့စွာ ကုသိုလ်အမှုတို့ ပြီးပြည့်စုံစွာ ပြုနိုင်ကြမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ပထမဆုံး ပြန်လည်ရရှိလာသည့် စေတီဘုရားပုထိုးများသို့ သွားရောက်ဖူးမြော်ခွင့်သည် ရောဂါကူးစက်ပျံ့နှံ့မှု အနည်းအများပေါ်တွင် မူတည်နေမည်ဖြစ်ရာ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြခြင်းဖြင့် မိမိနှင့်တကွ သူတစ်ပါးကိုလည်း ကူးစက်ရောဂါကာကွယ်ပေးရာ ရောက်သည့်အပြင် ကပ်ရောဂါလျော့ပါးပျောက်ကွယ်သွားသည်နှင့်အမျှ ဝတ်ပြုဖူးမြော်ခွင့် အခွင့်အလမ်းတို့ ပိုမိုပွင့်လန်းလာမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

အသီးတစ်ရာ
အညှာတစ်ခု
ဒို့ညီနောင်ထု
ပြည်ထောင်စု။

ဒို့ညီနောင်ထု
တည်ထောင်ပြု
ပြည်ထောင်စုနေ့
ဒို့မမေ့။




## မျိုးချစ်ဖော်ဆွေတစ်သင်းရယ်နဲ့

❖ မွန်ကရင် ကချင်ရှမ်း
စိတ်ဝမ်းရယ် ဖြူဖြူစင်၊
ရခိုင်ကယား ဗမာချင်း
စိတ်ရင်းကြည်လင်။
မျိုးချစ်ဖော်ဆွေတစ်သင်းရယ်နဲ့
လက်ချင်းယှက် တူတူယှဉ်
မြန်တစ်ခွင်သာစေဖို့
ဥမကွဲသိုက်မပျက်အောင်
တွဲလက်မြဲစို့။

❖ ထင်းတစ်ချောင်းချိုး
ကျိုးဖို့သာပြင်၊
ထင်းတစ်စည်းဘယ်လိုချိုးချိုး
ကျိုးဖို့မမြင်။
နွားကွဲအသွင်
ကျားဆွဲလျှင်ပါစမြဲ၊
တို့မျိုးဆွေ သတိပြု
ရှေးရှုဖို့ပဲ။

❖ သည်ရပ်မြေ သည်ဒေသ
အနေလှ အခြေမှန်၊
ပြည်ထောင်စု တည်အောင်ပြု
ဖြစ်မှုစိတ်သန်၊
အထားအမှန်
အသွားအပြန်မေတ္တာထား၊
ပန်းရွှေကြာ သင်းပျံ့လန်းပါလို့
စမ်းရေပြာ နှင်းငွေ့ဖျန်းသလိုပ
ငြိမ်းချမ်းစေသား။

ဖိုလေးလုံးသောင်းကိုကို

● *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးပြည်နယ်တစ်ခုဖြစ်သကဲ့သို့ အေးချမ်းသာယာလှပပြီး တောတောင်ရှုခင်းများနှင့် ပြည့်နှက်လျက်ရှိသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ သဘာဝကဖန်တီးပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ ရေထွက်ခေါ် စမ်းရေပေါက်များနှင့် ရေပူစမ်းများ၊ လိုဏ်ဂူများ၊ တန်ခိုးကြီးဘုရားများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း မတူကွဲပြားသည့် တိုင်းရင်းသားမျိုးစုံနေထိုင်လျက်ရှိသော်ငြား အားလုံးသည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဖြစ်ကြပါသည်။ မိမိတို့ ညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချမှုကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြဖို့ လိုအပ်ပါသည်။ ရှိရင်းစွဲနယ်မြေ အေးချမ်းတည်ငြိမ်မှုများကို ယခုထက်မက ပိုမိုတည်ငြိမ်အေးချမ်းအောင် အားထုတ်ကြိုးပမ်းမှသာ မြင့်မားသော လူ့အသိုက်အဝန်းတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့်လည်း ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အမျိုးဘာသာ သာသနာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မူးယစ်ကင်းစင်စေရေး အစရှိသော ကဏ္ဍပေါင်းစုံတွင် တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုနှင့်အတူ အမြော်အမြင်ကြီးမားလှသော တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အမြင်ကြောင့် လွတ်လပ်ရေး၏ ရှေ့ပြေးဖြစ်သည့် ပင်လုံစာချုပ်ကို ညီညွတ်မှုအရင်းတည်၍ ချုပ်ဆိုနိုင်ခဲ့ပါသည်။ မျိုးဆက်သစ် ရှမ်းတိုင်းရင်းသားများအနေဖြင့် လွတ်လပ်ရေးကိုတန်ဖိုးထားပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ရင်ဝယ်ပိုက်သော ကိုယ်ကျိုးမဖက် ဘိုးဘေးစဉ်ဆက် ရှမ်းတိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ သန့်စင်မွန်မြတ်သော မျိုးချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များကို အားကျအတုယူကာ လက်ဆင့်ကမ်းအမွေအဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် လိုအပ်ပါသည်။ အတိတ်သမိုင်းမှ တွေ့ကြုံခဲ့ရသည့်ဖြစ်စဉ်များအပေါ် လက်တွေ့ကျသောအမြင်များထားရှိပြီး နားလည်မှု၊ ယုံကြည်မှုကိုယ်စီဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်သွားကြရမည်မှာ ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်ရင်း (၇၅)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

❖ **ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးပြည်နယ်ဖြစ်သကဲ့သို့ အေးချမ်းသာယာလှပပြီး တောတောင်ရှုခင်းများနှင့် ပြည့်နှက်လျက်ရှိသည့် ပြည်နယ်တစ်ခုလည်းဖြစ်၊ သဘာဝကဖန်တီးပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ ရေထွက်ခေါ်စမ်းရေပေါက်များနှင့် ရေပူစမ်းများ၊ လိုဏ်ဂူများ၊ တန်ခိုးကြီးဘုရားများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိ**

❖ **တပ်မတော်အနေဖြင့်လည်း ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အမျိုးဘာသာ သာသနာရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် မူးယစ်ကင်းစင်စေရေး အစရှိသောကဏ္ဍပေါင်းစုံတွင် တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိ**

## ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် နေပြည်တော်ပုံနှိပ်စက်ရုံနှင့် နိုင်ငံပိုင်သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့တွင် နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းကောင်းရန်၊ စေတနာကောင်းရန်နှင့် စွမ်းဆောင်ရည်ကောင်းရန် လိုအပ်မှုတို့ကို ဆွေးနွေးမှာကြားပြီး နေပြည်တော်ပုံနှိပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမ၌ မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတိုက်တို့မှ စာတည်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အရှည်မျှော်မြင်ပြီး စီမံဆောင်ရွက်ရေး၊ ရှင်းရှင်းလင်းလင်း လုပ်ကိုင်ဆောင်ရွက်ရေး၊ တိကျစေရေး၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးနှင့် အမြဲလေ့ကျင့်နေရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများတွေ့ဆုံ

**စစ်တွေ ဖေဖော်ဝါရီ ၆**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်ချုပ်ထင်လတ်ဦး၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်များနှင့် တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးက လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို နေ့စဉ်ထုတ်ဝေနေသော သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုခန့်အပ်တာဝန်ပေးလိုက်သည့် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းကိုလည်း ဒေသခံများနှင့်ညှိနှိုင်းပြီး တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဥက္ကဋ္ဌသည်လည်း လွှတ်တော်ပိုင်းဆိုင်ရာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အတွေ့အကြုံရှိသည့် ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ဒေသလုံခြုံရေးလုပ်ငန်းများကိုသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် လက်ရှိအချိန်တွင် အေးချမ်းလျက်ရှိပါကြောင်း၊ အဓိက ရည်ရွယ်ချက်သည်လည်း ရခိုင်ပြည်နယ်ကြီး အေးချမ်းသာယာရန် ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်စီဥက္ကဋ္ဌနှင့် ဝိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် တစ်ဦးချင်းမိတ်ဆက်ပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဒေါက်တာအောင်ကျော်မင်းက ဒေသအတွက် တာဝန်ပေးအပ်လာခြင်းသည် ဒေသဖွံ့ဖြိုးရေးကို လုပ်ဆောင်နိုင်ရန်အတွက် တာဝန်ပေးခြင်းခံရသည်ဟု ယုံကြည်ကာ လက်ခံခြင်းဖြစ်ကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးရေးကို လုပ်ဆောင်လိုခြင်းကြောင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်း လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူလုပ်ဆောင်သည့်အခါလည်း အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ယခင်တာဝန်ထမ်းဆောင်ခဲ့စဉ်က မိမိနှင့် လက်တွဲလုပ်ဆောင်ခဲ့သူများလည်း ယခုအစည်းအဝေးတွင် ပါဝင်ကြပါကြောင်း၊ ထို့ကြောင့် မိမိလုပ်ဆောင်ချက်များကို သိထားကြမည်ဖြစ်ပါကြောင်း၊ ယင်းကြောင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများအားလုံးကလည်း ယုံယုံကြည်ကြည်ဖြင့် ဝိုင်းဝန်းလက်တွဲကာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (စစ်တွေ) ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



❑ *ရှေ့ဖုံးမှ*

မိုးကောင်းမြို့နယ်ဒေသတွင်းနှင့် ပြင်ပမှ ပြည်သူများ လွယ်ကူစွာ လာရောက်အပန်းဖြေသွားလာနိုင်ရန် ဒေသသစ်ခရီးစဉ်ဖော်ဆောင်ရေးအဖွဲ့ We Love Mogaung၊ ဆားမှော်ထီးချိုင့်ဒေသခံဝန်းရံလူငယ်အဖွဲ့များပူးပေါင်းပြီး ရေတံခွန်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ ရှင်းလင်းခဲ့သည်။

အလားတူ လွဲပုတ်ရေတံခွန်သို့ သွားရောက်ရန် လွဲပုတ်ရွာဟောင်းနှင့် ကျေးရွာကြားရှိ နန့်ရင်းချောင်းကို ဖြတ်ရသောကြောင့် အရှည်ပေ ၂၀၀၊ အကျယ် ခြောက်ပေ၊ ရေပြင်အထက်အမြင့် သုံးပေရှိ ဝါးတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားပြီးဖြစ်သည်။

အဆိုပါ ဝါးတံတားနှင့် လွဲပုတ်ရေတံခွန်ကို ကချင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးခိုင်ဝင်းနှင့်အတူ We Love Mogaung အဖွဲ့၊ ဒေသခံပြည်သူများက ဇန်နဝါရီ ၂၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး လာရောက်လည်ပတ်သူများ စည်ကားနေသည်။

လွဲပုတ်ရေတံခွန်သို့ သွားရသည့်လမ်းသည် ကျောက်တုံးကျောက်စိုင်များ အဆင့်ဆင့်ရှိ၍ သွားလာရကြမ်းတမ်းသော်လည်း ခရီးစဉ်တစ်လျှောက်လုံး ရေတံခွန်စီးကျသံများ သာယာစွာကြားနေရသည်။

အဆင့် ခုနစ်ဆင့်ရှိသည့်အနက် တတိယအဆင့်ရေတံခွန်မှာ ပေ ၄၀ ကျော်အမြင့်မှ ရေစီးဆင်းပြီး အောက်ခြေ၌ ၁၀ ပေ ပတ်လည်ကျယ်သဖြင့် လာရောက်လည်ပတ်ရေကစားကြသူများအတွက် ပျော်ရွှင်စရာဖြစ်စေပြီး စိတ်မွန်းကျပ်နေသောပြည်သူများ စိတ်ပြေလက်ပျောက်ဆိုလျှင် သဘာဝအလျောက် စီးဆင်းနေသည့် လွဲပုတ်ရွာဟောင်းရေတံခွန်မှာ အသင့်တော်ဆုံး နေရာတစ်ခုဖြစ်သည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညို

**ရန်ကုန် ဖေဖော်ဝါရီ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (သန်လျင်မင်းကျောင်းဆရာတော်) အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်းမ၌ ဖူးမြော်ကြည်ညိုသည်။

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် တိုတောင်းသောကာလအတွင်း လုပ်ရိုးလုပ်စဉ်နှင့် လုပ်ဆောင်ဆဲလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စုပေါင်းခေါင်းဆောင်မှုစနစ်နှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သာသနာရေးကိစ္စဆောင်ရွက်ရာတွင် သာသနာတော် တည်တံ့ပြန့်ပွားစေရေးအတွက် အားပေးထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် ၁၀ လတာ ကာလအတွင်း ဖူးမြော်ခွင့်ပိတ်ထားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီများအား ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများ ဖူးမြော်ခွင့်ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဦးစားပေးအနေဖြင့် ဖေဖော်ဝါရီ ၈၊ ၉ ရက်တို့တွင် ရဟန်း၊ သာမဏေ၊ သီလရှင်များကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းပုဂ္ဂိုလ်များကို လည်းကောင်း၊ နောက်ပိုင်းရက်များတွင် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများအား လည်းကောင်း ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူဒေသအသီးသီးရှိ ဘုရားစေတီပုထိုးများကို ဖူးမြော်ခွင့်ပြုရေးအတွက် သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသီးသီးရှိ တာဝန်ရှိသူများထံ အသိပေး အကြောင်းကြားပြီးဖြစ်ကြောင်း လျှောက်ထားသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဩဝါဒကထာ မိန့်ကြားရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို တာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များအနေဖြင့် သာသနာရေးနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ခွင့်ရခြင်းသည် ကုသိုလ်ကံ အလွန်ကောင်းမွန်ခြင်းကြောင့် ဆောင်ရွက်ခွင့်ရရှိသည်ဟု ရှေးဦးစွာ ဝမ်းမြောက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအခွင့်အရေးရရှိသည့်ကာလတွင် ဦးဆောင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအနေဖြင့် လိုက်နာကျင့်သုံးရမည့် လိုက်နာကျင့်သုံးဖွယ်ရာများကို မန်လည် ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်တွင် မှတ်တမ်းပြုထားသည်မှာ **“ဥက္ကဋ္ဌလူ၊ ဖြစ်လိုမူကား သူများထက်သာ ကရုဏာနှင့် မေတ္တာပွားမှု သည်းခံပြုက ဂုဏ်ထူးရ”** ဟု မိန့်တော်မူထားပါကြောင်း၊ အကြီးအကဲတစ်ယောက်ဖြစ်လာပါက **“သူများထက်သာ ကရုဏာ”** ဟူသောစကားအတိုင်း အခြားခြားသောပုဂ္ဂိုလ်များထက်သာလွန်သော ကရုဏာတရားထားရှိရမည်ဖြစ်ကြောင်း၊ မေတ္တာဟူသည်မှာလည်း **“ဟိတကာရပဝတ္တိလက္ခဏာ မေတ္တာ”** ဟု ဆိုသည့်အတိုင်း အစီးအပွားကို ဖြစ်စေလိုသော စိတ်ကိုပင် မေတ္တာဟု ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ ထို့နောက် **“သည်းခံပြုမှ ဂုဏ်ထူးရ”** ဆိုသည့်အတိုင်း သည်းခံခြင်း ခန္တီဆိုသည့် သဘောတရားကို လက်ကိုင်ထား၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုတရား (၃) မျိုး လက်ကိုင်ထားဆောင်ရွက်ပါက ဂုဏ်ထူးရဆိုသည့်အတိုင်း ကြီးပွားချမ်းသာခြင်းများ ရရှိနိုင်သောကြောင့် အကြီးအကဲပုဂ္ဂိုလ်များအနေဖြင့် ကရုဏာ၊ မေတ္တာ၊ ခန္တီတရားများ လက်ကိုင်ထားဆောင်ရွက်ပါဟု ဆရာတော်ကြီးက မိန့်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**




## ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများတွေ့ဆုံ

**တောင်ကြီး ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခြင်းကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် မိသားစုစိတ်ဓာတ်ဖြင့် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အခြေအနေအရ ခဏထိန်းကျောင်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အဓိကကျသည်မှာ ကာကွယ်ရေးဖြစ်ကြောင်း၊ ကာကွယ်ရေးကောင်းမှ လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ လုံခြုံမှုရှိမှ နိုင်ငံရေးတည်ငြိမ်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်လာမှ လူမှုရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ လူမှုရေးမြင့်တင်ပေးနိုင်မှ ယဉ်ကျေးမှုကို ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးကို ကာကွယ်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် အခြားတိုင်းဒေသကြီးနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အမျိုးသားစီးပွားရေး ပြန်လည်ဦးမော့လာစေရန်၊ အမျိုးသားနိုင်ငံရေး ပိုမိုလုံခြုံလာစေရန်၊ အမျိုးသားလူမှုရေး ပိုမိုမြင့်တက်လာစေရန်၊ အမျိုးသားယဉ်ကျေးမှု စံနှုန်းထိန်းသိမ်းနိုင်ရန် စသည့်အချက်များကို အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ဘုန်းတော်ကြီးကျောင်းများ ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်များ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တောင်ကြီးမြို့ ရွှေညောင်မြို့၊ ကလောမြို့၊ ဟိုပုံးမြို့၊ လွိုင်ကော်မြို့၊ ခိုလမ်မြို့၊ မိုင်းဆတ်မြို့၊ ကျိုင်းတုံမြို့၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ သန်လျင်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ပုသိမ်မြို့၊ ကွင်းကောက်မြို့နှင့် တောင်ငူမြို့များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်စုစုပေါင်း ၁၇ကျောင်း သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင် စာသင်တိုက် စုစုပေါင်း သုံးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၊ တနင်္သာရီတိုင်း ဒေသကြီး ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ တပ်မတော်မှ ဆေးအဖွဲ့များက ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့်ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပလက်ဝမြို့နယ်၌ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ တိုးတက်စေရေး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပလက်ဝမြို့နယ်အတွင်းရှိ ဆင်အိုး၀ - ကန့်လာ၀လမ်း မိုင် ၂၀ အနက် သုံးမိုင်အား လမ်းမျက်နှာပြင် ၂၆ ပေ၊ လမ်းဘေးရေနုတ်မြောင်း သုံးပေအား ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ ဒသမ ၄၀၈ သန်းဖြင့် ပလက်ဝမြို့နယ်အတွင်းရှိ ဆင်အိုး၀- ကန့်လာ၀လမ်း မိုင် ၂၀ အနက် သုံးမိုင်ကို ဖောက်လုပ်လျက်ရှိရာ ၅၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းအား ဖောက်လုပ်ပြီးစီးပါက ၎င်းကျေးရွာဒေသများရှိ သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေများ မြင့်မားလာပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံ ငွေကျပ် ၂၈၆၈ ဒသမ ၅ သန်းဖြင့် ပလက်ဝမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)မှ သိရသည်။

**ဇော်ရှိန်း(ဓာတု)**



## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ဆန်၊ စားသောက်ကုန်များနှင့် ပါးစပ်နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဆန်၊ စားသောက်ကုန်များနှင့် ပါးစပ်နှာခေါင်းစည်းများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်းမှ အလယ်ကျေးရွာနှင့် အတွင်းပဒံကျေးရွာများရှိ အိမ်ထောင်စု ၁၈၀၀ အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ ပေးအပ်သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ထန်းတောကျေးရွာနှင့် အိုးဖိုကျေးရွာတို့ရှိ အိမ်ထောင်စု ၃၀၀ အတွက် ဆန်၊ စားသောက်ကုန်များနှင့် ပါးစပ်နှာခေါင်းစည်းများကို နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် လိုက်လံပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ( ၂/ ၂၀၂၁ ) ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၆**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁) ကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ကယား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်က ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ဒေသကိုယ်စားပြုသူ တစ်ဦး ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအသီးသီးတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်သွားကြရန်နှင့် မိမိအနေဖြင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဓိက အလေးထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ ဆောင်ရွက်နေကြသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်မပျက် အကောင်းဆုံးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်များ သုံးစွဲရာတွင်လည်း ဥပဒေများနှင့်အညီ သုံးစွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကယားပြည်နယ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် လွိုင်ကော်ဒေသကွပ်ကဲရေးမှူးက မိမိတို့အနေဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများကို ဝင်ရောက်ဆောင်ရွက်ခြင်းမျိုး မရှိပါကြောင်း၊ ပြည်နယ်အတွင်း ကုန်ဈေးနှုန်းများ မြင့်တင်ရောင်းချမှုမရှိစေရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လိုအပ်ချက်များ၊ အခက်အခဲများရှိပါက ပွင့်လင်းစွာ ဆွေးနွေးပြောကြားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ဒေသကိုယ်စားပြုသူတစ်ဦး ရွေးချယ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် လွိုင်ကော်ဒေသကွပ်ကဲရေးမှူး၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရန်ကုန်မြို့ နောက်ဖေးလမ်းကြား ပန်းဥယျာဉ်များ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး ပြည်သူလူထုပူးပေါင်းပါဝင်ရန် လိုအပ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့ နောက်ဖေးလမ်းကြားဥယျာဉ်များကို ဒို့အိမ်၊ စည်ပင်သာယာရေးကော်မတီ၊ လမ်းသာယာရေးကော်မတီတို့က ပူးပေါင်း၍ စိမ်းလန်းစိုပြည်စေရန် ၂၀၁၆ ခုနှစ်ခန့်က စတင်ဖွင့်လှစ်ခဲ့ပြီး ရေရှည်တည်တံ့ပြီး သန့်ရှင်းသာယာစေရန်အတွက် အမှိုက်များကို သက်ဆိုင်ရာ ပြည်သူများက ပူးပေါင်းပါဝင်ရန် လိုအပ်နေကြောင်း တာဝန်ယူဆောင်ရွက်သူများက ပြောသည်။

### ပူးပေါင်းဆောင်ရွက်ပေး

"ဒို့အိမ်၊ ပြည်သူ့ရန်ပုံငွေနဲ့ ဒီ ၃၉ လမ်းနဲ့ ဆိပ်ကမ်းသာလမ်း (အလယ်ဘလောက်) နောက်ဖေးလမ်းကြားဥယျာဉ်ကို ၂၀၁၇ ခုနှစ်က စလုပ်ထားတာပါ။ အခု ပြုပြင်ထိန်းသိမ်းဖို့က လွှတ်တော်ဘတ်ဂျက်ကနေ လိုအပ်ချက်တွေကို ပြင်ဖို့သုံးထားပါတယ်။ အရင် လမ်းတံတားမှာ လုပ်တဲ့ အစ်မက အခု ရေစီးရေလာဌာနကနေ သူ့ရဲ့ အလုပ်သမားတွေနဲ့ သူက ခန့်မှန်းတွက်ချက်ပြီး တာဝန်ယူလုပ်ပေးတာပါ။ ဒါ ဖွံ့ဖြိုးရေးဘတ်ဂျက်နဲ့ လုပ်တာ၊ ပေ ၅၀၀ လောက်ကို ဝါးထိုင်ခုံတွေနဲ့ လုပ်ပေးနေတယ်။ နံရံဆေးရေးပန်းချီ လုပ်ပေးချင်ပေမယ့် တချို့အိမ်တွေက ရေဆိုးမိလ္လာ မပြုပြင်ပေးတဲ့အခါ ကျွန်မတို့က ရှေ့ဆက်တိုးလို့ မရသေးတာ၊ စည်ပင်သာယာက ရေဆိုးမိလ္လာအဖွဲ့ပါ ပူးပေါင်းဆောင်ရွက်ပေးရင် နောက်ဖေးလမ်းကြားတိုင်းက အလွန်ကောင်းသွားမှာပါ။ ပြည်သူတွေကလည်း အမှိုက်ကို စည်းကမ်းမဲ့ မပစ်ဘဲ ပူးပေါင်းဆောင်ရွက်ပေးရမယ်၊ နောက်ဖေးလမ်းနှစ်ဖက်က အိမ်တွေက အမှိုက်မပစ်အောင် စည်ပင်သာယာက ပြင်းပြင်းထန်ထန် သတိပေးဆိုင်းဘုတ်တွေ ကပ်ပေးပါ၊ အရေးယူပေးပါ သန့်ရှင်းရေးလုပ်ပေးပြီး တစ်ပတ်ဆိုရင် အမှိုက်ပြန်ပစ်ချနဲ့ ဒီလမ်းကို အမှိုက်ရှင်းပေးတာ လေးငါးခါရှိပါပြီ။ အခု ပြုပြင်နေတာက ပြီးတော့မယ်။ ဟိုဘက်က နောက်ဖေးပန်းခြံကိုလည်း လေးနှစ်ကြာနေပြီမို့ ဒါပြီးရင် ပြန်လည်ပြုပြင်မှာပါ" ဟု ကျောက်တံတားမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

နောက်ဖေးလမ်းကြားများတွင် စီစီတီဗွီများ တပ်ထားသော်လည်း စည်းကမ်းမဲ့ အမှိုက်ပစ်သူများကို အရေးယူခြင်းမရှိသေးကြောင်း သိရသည်။

**သန့်ဇင်ဝင်း**



ကျောက်တံတားမြို့နယ် ၃၉ လမ်း ဆိပ်ကမ်းသာလမ်း ဥယျာဉ်ကို ပြုပြင်နေစဉ်။

# ဘုတလင်မြို့နယ်တွင် အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်-အေ အားဆေးများ တိုက်ကျွေး

**ဘုတလင် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အစီအစဉ်ဖြင့် အသက် ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များကို ဖေဖော်ဝါရီလပထမပတ်ကစတင်ပြီး ဗီတာမင်-အေ အားဆေးများ တိုက်ကျွေးပေးနေကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဖြိုးကျော်အောင်ထံမှ သိရသည်။

ဘုတလင်မြို့နယ်အတွင်းရှိ အသက် ခြောက်လမှ နှစ်နှစ်အထိ ကလေးငယ်များကို ဗီတာမင်-အေ တစ်သိန်းအားဆေး၊ အသက် နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များကို ဗီတာမင်-အေ နှစ်သိန်းအားဆေးနှင့် သန်ချဆေးများကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း တိုက်ကျွေးပေးသည်။

"ဗီတာမင်-အေ အားဆေးက အမြင်အာရုံကို ကြည်လင်စေပြီး ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုအတွက် အဓိကကျပါတယ်။ ကိုယ်ခံအားစနစ် ကောင်းမွန်တဲ့အတွက် ဖျားနာမှုတွေ ကင်းဝေးစေပါတယ်။ တကယ်လို့ဖျားခဲ့ရင်လည်း ဖျားနာမှု မပြင်းထန်နိုင်ပါဘူး။ ကလေးတွေမှာ ဗီတာမင်-အေ ချို့တဲ့ရင် ကြက်မျက်သင့်ရောဂါ၊ မျက်သားအဖြူနဲ့ မျက်ကြည်လွှာ ခြောက်သွေ့ပြီး အနာပေါက်တတ်ပါတယ်။ အပြင်တိမ်စွဲပြီး မျက်စိကွယ်တဲ့အထိ ဖြစ်စေနိုင်တဲ့အတွက် ကလေးတွေကို ဗီတာမင်-အေအားဆေး တိုက်ကျွေးပေးတာပါ"ဟု မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဖြိုးကျော်အောင်က ပြောသည်။

ဘုတလင်မြို့နယ်တွင် အသက် ခြောက်လမှ နှစ်နှစ်အထိ ကလေးငယ် ၁၀၂၅ ဦး၊ အသက် နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ် ၉၀၇၇ ဦး စုစုပေါင်း ကလေးငယ် ၁၀၁၀၂ ဦးကို လျာထားတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၌ ရေရရှိရေးလုပ်ငန်း ၁၈၁ ခုဆောင်ရွက်မည်

**မုံရွာ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၌ နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရေရရှိရေးလုပ်ငန်း ၁၈၁ ခု ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြို့နယ် ၃၇ မြို့နယ်၌ ရေရှားပါးမှုဖြစ်နိုင်သောကျေးရွာများအား ပြည်ထောင်စုဘတ်ဂျက်ဖြင့် တွင်းတိမ်နှစ်တွင်း၊ တွင်းနက် ၈၂ တွင်း၊ လက်တူးတွင်းသုံးတွင်း၊ ရေကန်တစ်ကန်၊ စိမ့်စမ်းရေသွယ်တန်းခြင်း ၂၃ ခု၊ အခြားဆက်စပ်လုပ်ငန်း ၁၄ ခု စုစုပေါင်း ၁၂၅ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၈ ဒသမ ၆၈၈၆ သန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တွင်းတိမ်တစ်တွင်း၊ တွင်းနက် ၃၄ တွင်း၊ လက်တူးတွင်းတစ်တွင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း ၁၄ ခုနှင့် အခြားဆက်စပ်လုပ်ငန်းခြောက်ခု စုစုပေါင်း ၅၆ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၁၈ ဒသမ ၉၈ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မွေးကြူဇင်**

# ထေရ်ကြီးဝါကြီး၊ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များက လားရှိုးမြို့ရှိ သုခဝိဟာရကန်မိန်းကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောလိယအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော် ၂၅ အိတ်၊ သကၤန်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



အလားတူ ကရင်ပြည်နယ် ဘားအံမြို့ အမိတာ ရာမရဲကျောင်းတိုက်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ အရှင်သူမြတ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဇော်မင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၆)ရပ်ကွက်ရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၏ ပဓာနနာယက၊ တိပိဋကပါဠိပါရဂူ၊ ရွှေရတုတိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော် အိတ် ၂၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အစိုးရအဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မဏိရတနာရာမ အနောက်တိုက်တော် ဇမ္ဗူမင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တနာယကအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ၊ Mask နှင့် Hand Gel တို့ကို ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော် ၁၁၀ ပါးအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့တွင် မန္တလေးတပ်နယ်မှ အရာရှိစစ်သည်များက မန္တလေးတိုင်းဒေသကြီးမြို့နယ်များရှိ ကျောင်းတိုက် ၃၅ ကျောင်းမှ သံဃာတော် ၁၁၁၃ ပါးတို့ကို နေ့ဆွမ်းများ ဆက်ကပ်လောင်းလှူကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီ က ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း တက်ရောက်သည်။



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်၏ အာဏာ အရပ်ရပ်ကို တပ်မတော်မှ တာဝန်ယူပြီးသည့်နောက် စီမံအုပ်ချုပ်ရေးကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မိမိတို့၏ ရည်မှန်းချက် တာဝန်များကို လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ အောင်မြင်အောင် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် ကောလာဟလသတင်းများ များပြားလျက်ရှိသဖြင့် မမှန်ကန်သည့် သတင်းများကို အောက်ခြေအထိ ချပြရှင်းလင်းရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ သိရှိဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုသည် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာပါက ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် အခြေခံလူမှုစီးပွားများ ထိခိုက်လာ နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကိုလည်း မူလအစီအစဉ်အတိုင်း အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ အဖွဲ့ဝင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက တင်ပြကြသည့် ဌာနဆိုင်ရာအလိုက် လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဝါလေမြိုင်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ငွေများပေးအပ်

**ဝါလေမြိုင် ဖေဖော်ဝါရီ ၆**

ကရင်ပြည်နယ် ဝါလေမြိုင်မြို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ပထမအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က ဝါလေမြိုင်မြို့ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် ဝါလေမြိုင်မြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းရီနှင့် ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများက အမှတ်(၂)ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပထမအကြိမ် ထောက်ပံ့ငွေများ ပေးအပ်ခြင်းအဖြစ် စုစုပေါင်း ၂၉ ဦးအတွက် ငွေကျပ် ၁၂၃၀၀၀၀ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**



● *ကျောဖုံးမှ*

ကြုံတွေ့နေကြရသည်။ နန်းလှိုင်းချောင်းမှာ အကျယ်ပေ ၉၀၊ အနက် ၇ ပေရှိသည်။ ယင်းနန်းလှိုင်းလက်လုပ်ဆည်ကို ရေပေးဝေမှုအဆင်ပြေစေရန်နှင့် ခိုင်ခံ့စေရန်အတွက် ဆည်မြောင်းဌာနမှ ကွင်းဆင်းလေ့လာပြီး စနစ်တကျ ဒီဇိုင်းပုံဆွဲ၍ ပြုပြင်ရန် ဆုံးဖြတ်ခဲ့သည်။ ဆည်မြောင်းဦးစီးဌာနက နန်းလှိုင်းချောင်းကို ၂၀၁၃ ခုနှစ်က အလျား ပေ ၁၅၀၊ အနံ ၈၆ ပေ၊ အမြင့် ၇ ပေရှိ ကျောက်စီပန်းရန်ရေလွှဲဆည်နှင့် အကျယ် ၆ ပေ၊ အမြင့် ၉ ပေ၊ ရေထိန်းအဆောက်အအုံတစ်ခု ထည့်သွင်း၍ ငွေကျပ် ၁၁၀၅ သိန်းဖြင့် အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည်။ ဆောက်လုပ်ပြီး နန်းလှိုင်းရေလွှဲဆည်ကို ကျေးရွာအုပ်စု ဆည်ကော်မတီသို့ ပြန်လည်အပ်နှံခဲ့သည်။ နန်းလှိုင်းကျေးလက်ဆည်ကို ပြန်လည်ပြုပြင်ပြီး ဆည်မှာ ရေလုံခြင်း၊ စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ခြင်း၊ ပြန်လည်ပြုပြင်ရခြင်း၊ ဖြည့်စွက်ရေအပြည့်အဝရရှိသဖြင့် မိုးစပါး နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။

နန်းလှိုင်းကျေးလက်ဆည် ပြုပြင်ပေးပြီး ရေပေးမြောင်းများ၊ လက်တံမြောင်းများ သွယ်ပေးထားသဖြင့် ဝန်းသိုမြို့နယ် လက်ပံကြီးတောအုပ်စုရှိ ကျေးရွာများမှ တောင်သူလယ်သမား ၂၀၀၀ ကျော်တို့မှာ မိုးစပါးအပြင် ဆောင်းသီးနှံများဖြစ်သော မုန်လာ၊ ပန်းမုန်လာ၊ မေမြို့ပန်း၊ ပြောင်းဖူး၊ သစ္စာပန်း၊ ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်၊ နေကြာ စသည့် သီးနှံများ ရေမပြတ်ရရှိသဖြင့် တစ်နှစ်ပတ်လုံး အလုပ်ကျအောင်မြင်နေရာ တောင်သူလယ်သမားများမှာ ဆောင်းသီးနှံမှ ဝင်ငွေတိုးနေသဖြင့် စီးပွားရေးအခွင့်အလမ်းများ အဆင်ပြေတိုးတက်လျက်ရှိကြောင်း သိရသည်။

နန်းလှိုင်းကျေးလက်ဆည် ပြန်လည်ပြုပြင်ပေးသောကြောင့် နန်းလှိုင်းဆည်ရေဖြင့် ကောလင်းမြို့နယ်တစ်မြို့လုံး သောက်သုံးရေ လုံလောက်စွာရရှိသဖြင့် ကျေးရွာများသာမက ကောလင်းမြို့ လူထုအတွက်ပါ အကျိုးပြုနေသော ကျေးလက်ဆည်ဖြစ်သည်။ နန်းလှိုင်းဆည်ရေအကျိုးကျေးဇူးကြောင့် တောင်သူလယ်သမားများ သီးထပ်၊ သီးညှပ်စိုက်ပျိုး၍ ဝင်ငွေတိုးကာ ကျေးလက်နေပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID–19 စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ရာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးနှင့် ဘုရားစေတီပုထိုးများ၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်နှင့် အထက်ပစ္စယာ သန့်ရှင်းသာယာမှုရှိစေရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းလုပ်အားပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် မန္တလေး တောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားတို့၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးကြပြီး ထိုသို့ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်၌ တပ်မတော်သားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဘုရားရင်ပြင်တော်များ၊ ကျောင်းဆောင်အဆောက်အဦများ၊ ဝင်လမ်းထွက်လမ်းနေရာများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## လားရှိုးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်၊ တိုင်းခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများပေးအပ်၍ တက်ရောက်လာကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ကုသရေးဆေးရုံများတွင် အရပ်သားပြည်သူများ ဆေးကုသမှုလာရောက်ခံယူ၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့ရှိ အထွေထွေရောဂါကု ဆေးရုံများတွင် ဆေးဝါးကုသရန် ခက်ခဲလျက်ရှိသော သံဃာတော်များ၊ ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများကို ပြင်ဆင်ဆောင်ရွက်ထားလျက်ရှိပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံတပ်ရင်းရှိ ယာယီအရေးပေါ်ကုသရေးဆေးရုံ၌ ယနေ့ထိ ဆေးရုံလာရောက်ပြသသူ ၆၁ ဦးရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၁၈ ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဆေးရုံလာရောက်ပြသနေသူများနှင့် ဆေးရုံတက်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

အလားတူ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဒေသခံပြည်သူ ၂၂ ဦးနှင့် မြိတ်မြို့ရှိ တပ်မတော်ဆေးရုံသို့ သံဃာတော် ၁ ပါးနှင့် ဒေသခံပြည်သူ ၈၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆေးရုံလာရောက်ပြသသူ ၂၃ ဦးတို့ လာရောက်ပြသကြရာ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ကုသရန်လိုအပ်သူများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီးကြောင်းနှင့် အဆိုပါဆေးရုံတက်လူနာများနှင့် လူနာစောင့်များ၏ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌လည်း ဒေသခံပြည်သူများ ဆေးရုံတက်ရောက်ကုသနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သတင်းစာတိုက်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ရက်စွဲဖြင့် (၁၁) ကြိမ်မြောက် ထုတ်ဝေသော "Red Star" (Kracnaya Zvezda) သတင်းစာတွင် ဖော်ပြပါရှိသော "ကြာမြင့် ခိုင်မာသော ခင်မင်မှု" အမည်ဖြင့် ဆောင်းပါးရှင် Mr. Alexander Alexandrov ရေးသားဖော်ပြထားသည့် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအကြောင်း ဆောင်းပါးအား ဘာသာပြန်ဆိုခြင်း

*ယမန်နေ့မှအဆက်*

ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူ နှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်မှုများလည်း အရှိန်အဟုန်တိုးမြှင့်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့လည်း မိမိတို့ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း သွားရောက်ကူညီဖြေရှင်းပေးခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူတိုက်ဖျက်ရေး စစ်ဆင်ရေးများအကြောင်း မျှဝေရှင်းလင်းတင်ပြထားပြီးဖြစ်သလို မြန်မာနိုင်ငံ၏ တပ်မတော်ဘက်အကြီးအကဲများထံမှလည်း ရုရှားနိုင်ငံ၏ အချိန်မီ၊ ထိထိရောက်ရောက်၊ နိုင်ငံတကာ တရားဥပဒေနည်းလမ်းကျကျ ဆီးရီးယားအရေးတွင် ပါဝင်ကူညီခဲ့မှုအပေါ် မှတ်ချက်ကောင်းများလည်း ရရှိထားပါသည်။ ဆီးရီးယားနိုင်ငံ၏ ဥပမာသည် မြန်မာနိုင်ငံအတွက် သင်ခန်းစာယူရန်သာဖြစ်ပြီး ၎င်းတို့နိုင်ငံအနေဖြင့် ထိုအခြေအနေမျိုး ကြုံတွေ့ရမည့်အနေအထားမှ ဝေးကွာစွာ တည်ရှိနေပြီး စစ်ရေး၊ နိုင်ငံရေးအခြေအနေအရ ကောင်းစွာ ပိုင်ပိုင်နိုင်နိုင်ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံအား ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်နိုင်သည့်အနေအထားတွင် ရှိပါသည်။

နောက်ထပ်မြန်မာနိုင်ငံအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲမှာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများအကြား ပြိုကွဲစေရန် ရည်ရွယ်ချက်ဖြင့် တရားမဝင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များကို အကြမ်းဖက်သောင်းကျန်းမှုများ ဆောင်ရွက်နိုင်စေရန်အလို့ငှာ အချို့သောနိုင်ငံများမှ လက်နက်ခဲယမ်းရိက္ခာများ ထောက်ပံ့ပေးနေသည့် ပြဿနာပင်ဖြစ်ပါသည်။ ထိုပြဿနာအား ဖြေရှင်းရန်အတွက် မြန်မာ့တပ်မတော် ခေါင်းဆောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏အမြင်တွင် တစ်နိုင်ငံတည်း အနေဖြင့် တွန်းလှန်နိုင်မည်မဟုတ်သည့်အတွက် အကြမ်းဖက် နှိမ်နင်းရေးလုပ်ငန်းစဉ်အား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ရုရှားနိုင်ငံနှင့် သဘောထားချင်းထပ်တူကျစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက်သာမက လူသားမျိုးနွယ်စုတစ်ခုလုံး၏ အကျိုးစီးပွားကိုပါ ကြံဆောင်ကြိုးပမ်းနေသော လေးစားဂုဏ်ယူထိုက်သည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပါသည်။

**လမ်းဆုံသို့ရောက်နေသော နိုင်ငံ**

အထက်ပါ အကြောင်းခြင်းရာများကို ထောက်လျှင် မြန်မာ့တပ်မတော်၏ ကာကွယ်ရေးစွမ်းပကားနှင့် နိုင်ငံတော်လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်မှုတို့သည် နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်လျက်ရှိနေပါသည်။ ဤအချက်ကိုလည်း အချုပ်အခြာအာဏာကို ဦးထိပ်ထား တာဝန်ထမ်းရွက်နေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထက်ပို၍ နားလည်သဘောပေါက်သူပင် ရှိမည်မထင်ပါ။ ၎င်း၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ မြန်မာ့တပ်မတော်သည်လည်း နိုင်ငံ၏ တည်ဆဲဥပဒေများကို အစဉ်လိုက်နာလျက် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်ရှေးရှု တာဝန်ထမ်းဆောင်လျက်ရှိကြပါသည်။

> "မြန်မာ့တပ်မတော်၏ ကာကွယ်ရေးစွမ်းပကားနှင့် နိုင်ငံတော်လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်မှုတို့သည် နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်လျက်ရှိနေ"

မြန်မာနိုင်ငံ(ယခင်က ဗမာနိုင်ငံဟု လူသိများခဲ့သော နိုင်ငံ)သည် သမိုင်းကြောင်းတစ်လျှောက် မငြိမ်မသက်မှုများကို ဖြေရှင်းရင်း အချိန်ကုန်ခဲ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါသည်။ နိုင်ငံနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော လူမျိုးစုပေါင်း ၁၃၅ မျိုးရှိသည့်အနက်မှ အရေအတွက်အားဖြင့် ဖြန့်ကျက်နေထိုင်မှုအရပါ အင်အားအရာသာလွန်သည့် ဗမာလူမျိုးတို့၏ အုပ်ချုပ်မှုအောက်တွင် အစဉ်ပုန်ကန်ထကြွခဲ့ကြပြီး နိုင်ငံရေးနှင့် စစ်ရေးသည် အစဉ်ဒွန်တွဲလျက်ရှိခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူတို့ကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလည်း နှောင့်နှေးခဲ့ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင် ထင်သလောက်ရှေ့မရောက်နိုင်ခဲ့ပါ။ ထိုအခက်အခဲများကို သမိုင်းကြောင်းတစ်လျှောက် အဓိကထား တာဝန်ယူဖြေရှင်းခဲ့ရသူမှာ ယခုလက်ရှိ နိုင်ငံတော်တာဝန်ကို ယူထားရသည့် တပ်မတော်သာလျှင်ဖြစ်ပြီး ၎င်း၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ခု၊ အဖွဲ့ငယ်ပေါင်း ၂၃ ခုတို့နှင့် လက်နက်နှင့် ငြိမ်းချမ်းရေးကို အောင်မြင်စွာ လဲလှယ်နိုင်ခဲ့ပါသည်။ ထိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ကိုလည်း ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တရားဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကိုလည်း စီစဉ်ဆောင်ရွက်လမ်းပြပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ တစ်ခုတည်းသော တရားဝင်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် တပ်မတော်သည် လူမျိုးစုငယ်တို့အား အင်အားဖြင့် အနိုင်ကျင့် ဖိနှိပ်ခြင်းကို ဘယ်သောအခါမျှ မပြုကျင့်ခဲ့ဘဲ ၎င်းတို့ လက်နက်ကိုင်ထားပြီး တောင်းဆိုနေမှုများကို လက်နက်ကိုင်စွဲစရာမလိုဘဲ တောင်းဆိုနိုင်မည့် ဖက်ဒရယ်စနစ်သို့ ကူးပြောင်းရေးတွင်လည်း ထိပ်ဆုံးက ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးတို့ကို တပ်မတော်သည် အဓိကတာဝန်တစ်ရပ်အနေဖြင့် ခေတ်အဆက်ဆက် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်ခဲ့သည်ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့သော ပြည်ထောင်စုနိုင်ငံတစ်ခုအတွက် တပ်မတော်သည် မရှိမဖြစ် လိုအပ်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ ပြည်တွင်းရေး အေးချမ်းသာယာမှုတွင် ယနေ့ကဲ့သို့ အခြေအနေများ ဖြစ်ပေါ်နေသည့်တိုင် ဆိုးဆိုးရွားရွားမဖြစ်ဘဲ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ကိုယ်စွမ်းဉာဏ်စွမ်းများသည်လည်း အပါအဝင်ဖြစ်ကြောင်းကို တိုင်းရင်းသားခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ပညာတတ်အသိုင်းအဝိုင်းများကပါ ထောက်ခံပြောကြားနေကြသည့် အချက်ကိုလည်း ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံတော် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသော တပ်မတော်ကို အင်တိုက်အားတိုက်တည်ထောင်ဖွဲ့စည်းခဲ့သည့် တပ်မတော်အကြီးအကဲတစ်ဦးအဖြစ် ရပ်တည်ခဲ့သလို ၎င်းအုပ်ချုပ်သည့်





ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သတင်းစာတိုက်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ရက်စွဲဖြင့် (၁၁) ကြိမ်မြောက် ထုတ်ဝေသော " Red Star " (Kracnaya Zvezda) သတင်းစာတွင် ဖော်ပြပါရှိသော ဆောင်းပါးကို တွေ့ရစဉ်။

ကာလတွင်လည်း မြန်မာ့တပ်မတော်၏ စွမ်းပကားသည် ကြည်း၊ ရေ၊ လေ တပ်မတော်အားလုံးတွင် အဆင့်အတန်းတစ်ခုထိ မြင့်တက်လာပြီဖြစ်ပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအပိုင်းကိုမူ အထူးအလေးထား ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

၂၀၁၁ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံအတွက် အဓိက လိုအပ်ချက်ဖြစ်သော လူသားအရင်းအမြစ် သင်ကြားမွေးထုတ်ရာတွင်လည်း စစ်ဘက်ဆိုင်ရာ ပညာရပ်များတွင် သာမက အရပ်ဘက်ပညာရပ်များကိုပါ ကမ္ဘာ့အဆင့်မီ တတ်ကျွမ်းသည့် ပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဂုဏ်သတင်းသည် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိပါ မွှေးပျံ့ကျော်စောလျက် ရှိပါသည်။ ၎င်း၏ နိုင်ငံရေးအမြင်ကြွယ်ဝမှုကို အာရှဒေသတွင် နိုင်ငံအားလုံးက လက်ခံထားရုံမျှမက အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများကပါ လက်ခံထားရှိပြီးလည်း ဖြစ်ပါသည်။ သူ၏လက်ထက်တွင် အချိန်ကာလအားဖြင့် ရှည်ကြာခဲ့ပြီဖြစ်သော ရုရှား- မြန်မာ ချစ်ကြည်ရေးသည်လည်း ပိုမိုခိုင်မာလာခဲ့ခြင်း ဖြစ်ပါသည်။

အထူးသဖြင့် ရုရှား- မြန်မာနှစ်နိုင်ငံအကြား စစ်ဘက်နှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

**မဟာမိတ် စိတ်ဓာတ်**

မြန်မာနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းဈေးကွက်တွင် ရုရှားနိုင်ငံထုတ်ပစ္စည်းတို့သည် ယနေ့အချိန်တွင် နာမည်ကောင်းရရှိထားပြီး ဖြစ်ပါသည်။ ထိုသို့ နာမည်ကောင်းရရှိရခြင်းမှာလည်း နှစ်နိုင်ငံအကြား တစ်ဦးပေါ်တစ်ဦး ထားရှိသည့် ယုံကြည်မှု၊ စာချုပ်ပါ အချက်အလက်များအား တိကျပြည့်စုံစွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှု

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အပြင် ရောင်းချပြီးနောက် ဆက်လက်၍ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကိုလည်း အားတက်သရော ကူညီဆောင်ရွက်ပေးနေမှုတို့ကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးကူးသန်းဆက်နွှယ်မှုတို့သည် ကာကွယ်ရေးပစ္စည်းဈေးကွက်မှ စတင်အခြေတည်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာ့တပ်မတော်အကြီးအကဲများအနေဖြင့် ရုရှားနိုင်ငံနှင့် ကူးလူးဆက်ဆံရာတွင် ကာကွယ်ရေးပစ္စည်းတစ်မျိုးတည်းသာမဟုတ်ဘဲ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး၏ပြင်ပတွင် အစိုးရအဖွဲ့အစည်းများအကြား ယဉ်ကျေးမှုနှင့်လူမှုဘဝပူးပေါင်းဖလှယ်ရေး၊ အရပ်ဘက် စီးပွားရေးထုတ်ကုန်များ၊ သွင်းကုန်/ထုတ်ကုန် လုပ်ငန်းများကို တပ်မတော်နှစ်ခုမှ ဦးစီးဦးဆောင်ပြုကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆန္ဒရှိထားပြီး ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအမံများထဲမှ တစ်ခုမှာ ရုရှား- မြန်မာ လယ်ယာထွက်ထုတ်ကုန်နှင့် အခြားကုန်ထုတ်လုပ်မှုပစ္စည်းများ ရောင်းဝယ်ဖောက်ကားရေးစင်တာကို နှစ်နိုင်ငံမြို့ကြီးများတွင် အပြန်အလှန် ဖွင့်လှစ်တည်ဆောက်သွားရန် ဖြစ်ပါသည်။

ထိုသို့တိုးချဲ့ဆောင်ရွက်နေစဉ်တွင်လည်း ရုရှား-မြန်မာနိုင်ငံအကြား ကာကွယ်ရေးပစ္စည်း တင်ပို့မှုသည်လည်း ဆက်လက်တည်ရှိနေမည်ဖြစ်သလို တင်ပို့ပြီးဖြစ်သောပစ္စည်းများကိုလည်း ဆက်လက်ကူညီပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးသွားနေမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာ့တပ်မတော်မှ ပညာတော်သင်များ ရုရှားနိုင်ငံ စစ်ဘက်အရပ်ဘက် တက္ကသိုလ်များသို့ ပေးပို့ပညာသင်ကြားပေးသည့်စနစ်ကိုလည်း ကောင်းစွာကျင့်သုံးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်ကာလများဆီက စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်နေစဉ် အချိန်မှစတင်ကာ ထိုပညာရေးစနစ်ကိုထိထိရောက်ရောက် ဆက်လက်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုနှစ်များအတွင်း မြန်မာ့တပ်မတော်မှ အရာရှိသင်တန်းသားပေါင်း ၇၀၀၀ ကျော်သည် ရုရှားနိုင်ငံရှိ စစ်ဘက်အရပ်ဘက်တက္ကသိုလ်များတွင် အောင်မြင်စွာပညာသင်ယူဆည်းပူးနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ရုရှားနိုင်ငံမှ ပညာသင်ယူတတ်မြောက်ခဲ့သည့် အရာရှိများသည် ယခုလက်ရှိတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် သက်ဆိုင်ရာ လက်ရုံးတပ်ဖွဲ့အသီးသီးတွင် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိကာ တပ်မတော်အကျိုး၊ တိုင်းပြည်အကျိုးကို ဆက်လက်သယ်ပိုးလျက် ရှိကြပါသည်။ မြန်မာနိုင်ငံအတွင်း ရုရှားနိုင်ငံနှင့် အဆင့်မြင့်ပညာရပ်ပိုင်းများတွင် အရည်အချင်းအားဖြင့် တန်းတူပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းပညာဆိုင်ရာပညာရှင်များ၊ နိုင်ငံရေး ပညာရှင်များ၊ သတင်းအချက်အလက်ပညာရှင်များ၊ နိုင်ငံတကာ လုံခြုံရေးဆိုင်ရာပညာရှင်နှင့် ရုရှားနိုင်ငံထုတ် နည်းပညာမြင့် စက်ပစ္စည်းများကို ကောင်းမွန်ပိုင်နိုင်စွာ လက်တွေ့ကိုင်တွယ် အသုံးပြုနိုင်သော အသိပညာ အတတ်ပညာရှင်များ များစွာရှိပြီး ၎င်းတို့သည် ရုရှားဘာသာစကားကိုလည်း ကောင်းစွာတတ်ကျွမ်းကြသူများ ဖြစ်ကြပါသည်။

သိပ္ပံနှင့်နည်းပညာပိုင်းတွင် စစ်ဘက်ဆိုင်ရာပညာရပ်များကိုသာမက အရပ်ဘက်ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ ပညာရပ်တို့ကိုပါ သင်ကြားကျွမ်းကျင်တတ်မြောက်ကြပါသည်။ ဥပမာအားဖြင့်ဆိုရလျှင် စိန့်ပီတာစပက်မြို့ ရေကြောင်းနည်းပညာတက္ကသိုလ်ဆင်း တပ်မတော်ရေမှ အင်ဂျင်နီယာအရာရှိများသည် မိမိတို့သင်ယူတတ်မြောက်ထားသော ပညာရပ်များဖြင့် ကိုယ်ပိုင်ဒီဇိုင်းများရေးဆွဲကာ မြန်မာ့တပ်မတော်(ရေ)တွင် အသုံးပြုရန် ဖရီးဂိတ်အဆင့်ရှိ စစ်သင်္ဘောကြီးများကို အစအဆုံး ကိုယ်တိုင်တီထွင်ထုတ်လုပ်နိုင်ကြသည်အထိ ထူးချွန်ထက်မြက်ကြပါသည်။

ထိုကဲ့သို့ ပညာရေးပိုင်းကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး အသိပညာအတတ်ပညာရှင်များ မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် ရုရှားစစ်တက္ကသိုလ်မှ ချီးမြှင့်သော "ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့" ကိုလည်းကောင်း၊ အရှေ့တိုင်းတက္ကသိုလ်မှ ချီးမြှင့်သော "ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့" ကိုလည်းကောင်း ပြီးခဲ့သည့်နှစ်က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း ကြားသိရပါသည်။ ဤဆုတံဆိပ်များသည်ပင်လည်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်အတွက် လိုအပ်သော လူသားအရင်းအမြစ်ကို လက်တွေ့ကျကျ မွေးထုတ်ပေးခဲ့သည့် အသိအမှတ်ပြု သင်္ကေတအမှတ်အသားများ ဖြစ်ကြပါသည်။

**အဆုံးအစမရှိသော ခင်မင်မှု**

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ခင်ရင်းနှီးမှုသည် စဉ်ဆက်မပြတ်သော ထိတွေ့ဆက်ဆံမှုအပေါ်တွင် အခြေခံလျက်ရှိရာ မြန်မာ့တပ်မတော်အနေဖြင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ နှစ်စဉ်ကြီးမှူး ကျင်းပပြုလုပ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအစည်းအဝေးသို့ လည်းကောင်း၊ စစ်ဘက်နည်းပညာပြပွဲနှင့် နိုင်ငံတကာစစ်ဘက်အားကစားပွဲတွင် တက်ကြွစွာ ပါဝင်လျက်ရှိပါသည်။ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးအနေဖြင့်လည်း "KAVKAZ-2020" မဟာဗျူဟာမြောက် စစ်ဦးစီးလေ့ကျင့်ခန်းတွင် မြန်မာ့တပ်မတော်ကိုယ်စားလှယ် အဖွဲ့ပါဝင်အားဖြည့်ဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းမြောက်အားရကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ပူးပေါင်းကော်မတီဖွဲ့စည်းသွားရန် ခေါင်းဆောင်ပိုင်းအကြီးအကဲတို့တွင် ဆန္ဒရှိလျက်ရှိနေပြီး မကြာမီတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ထိုသို့ အကြမ်းဖက်တန်ပြန်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြား အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါက နှစ်နိုင်ငံအမျိုးသားလုံခြုံရေးကို ဖန်တီးနိုင်ရုံမျှမက အရှေ့တောင်အာရှဒေသတွင် လုံခြုံရေးကိုပါ ခိုင်မာစွာတည်ဆောက်နိုင်မည် ဖြစ်ပါသည်။

မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအချို့ကို ကောက်နုတ်ရေးသားဖော်ပြရမည်ဆိုလျှင် ရုရှား- မြန်မာဆက်ဆံရေးသည် မိတ်ဆွေစစ်မိတ်ဆွေမှန် ဆက်ဆံရေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံအား သမိုင်းကြောင်းတစ်လျှောက် အထင်ကြီးလေးစားဂုဏ်ယူမိခဲ့ပါကြောင်း၊မြန်မာနိုင်ငံ တိုင်းသူပြည်သူအားလုံးသည်လည်း နိုင်ငံတွင် အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရတိုင်း မိမိတို့ဘက်မှာ မားမားမတ်မတ် ရပ်တည်ပေးခဲ့သည့် ရုရှားနိုင်ငံ၏ ကျေးဇူးကို အစဉ်အမှတ်ရနေမည်ဖြစ်သလို ရုရှားနိုင်ငံသည်လည်း အမေရိကန်နှင့် ဥရောပမဟာမိတ်နိုင်ငံများက မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့ထားခဲ့သည့် ကာလများတွင်ပစ်မထားဘဲ အစဉ်ကူညီဖေးမပေးခဲ့သည်ကိုလည်း အသိအမှတ်ပြုဂုဏ်ယူမိပါကြောင်း ပြောကြားခဲ့ပါသည်။

> "မြန်မာ့တပ်မတော်အကြီးအကဲများအနေဖြင့် ရုရှားနိုင်ငံနှင့် ကူးလူးဆက်ဆံရာတွင် ကာကွယ်ရေးပစ္စည်းတစ်မျိုးတည်းသာ မဟုတ်ဘဲ စစ်ဘက်နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး၏ ပြင်ပတွင် အစိုးရအဖွဲ့အစည်း များအကြား ယဉ်ကျေးမှုနှင့် လူမှုဘဝ ပူးပေါင်းဖလှယ်ရေး၊ အရပ်ဘက် စီးပွားရေး ထုတ်ကုန်များ၊ သွင်းကုန်/ ထုတ်ကုန် လုပ်ငန်းများကို တပ်မတော်နှစ်ခုမှ ဦးစီး ဦးဆောင်ပြုကာ ဆက်လက် အကောင်အထည်ဖော် ဆောင် ရွက်သွားရန် ဆန္ဒရှိထားပြီးဖြစ်"

## ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း (၁၃၇)မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂) ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် လျှောက်လွှာများခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


COVID-19
ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ ဤအချက်များကို လိုက်နာရန် လူတိုင်းတာဝန်ရှိသည်။



#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါကူးစက်မှုကိုကာကွယ်ဖို့ လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူရင်း အခြားသူတွေကိုပါ ဘေးကင်းအောင် နေထိုင်ပြုမူပါ။ ကိုယ်ကိုယ်တိုင်ကူးစက်ခံရမှုနဲ့ အခြားသူတွေကို ကူးစက်မှုကို လျှော့ကျဖို့ လိုက်နာရမယ့် အချက် ၃ ချက်ကတော့ ...
(၁) လုံအောင်အုပ် (အပြင်ထွက်သွားလာတဲ့အခါမှာ MASK ကိုအသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ဖို့)
(၂) လက်ကိုဆေး (လက်ကို ဆပ်ပြာနဲ့ မကြာခဏ အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် ဆေးကြောဖို့)
(၃) လူရှင်းရှောင် (လူတစ်ဦးနဲ့တစ်ဦး ၆ ပေအကွာမှာ နေဖို့) စတဲ့ အချက်တွေပါ။
ဒီအချက်တွေကို လိုက်နာလုပ်ဆောင်မှသာ မိမိကိုယ်တိုင်၊ မိမိသူငယ်ချင်းတွေနဲ့ မိမိချစ်ရတဲ့သူတွေကို ဘေးကင်းစေမှာပါ။


## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# နိုင်ငံခြားဘာသာစကား အခြေခံသင်တန်းဝင်ခွင့် မှတ်ပုံတင်ခြင်း ထပ်မံကြေညာမည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က အွန်လိုင်းစနစ်ဖြင့် နိုင်ငံခြားဘာသာစကား အခြေခံသင်တန်းများဖြစ်သည့် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ စပိန်၊ ထိုင်းနှင့် မြန်မာဘာသာ ( နိုင်ငံခြားသားများအတွက် ) ဖွင့်လှစ်သွားမည် ဖြစ်သည် ။

သင်တန်းဝင်ခွင့်မှတ်ပုံတင်ခြင်းနှင့် သင်တန်းကြေးပေးသွင်းခြင်းများကို ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်နေ့တို့တွင် လက်ခံဆောင်ရွက်မည်ဖြစ်ရာ မိုဘိုင်းဖုန်းနှင့် အင်တာနက်လိုင်းများ တည်ငြိမ်စွာသုံးစွဲမှု အခက်အခဲရှိသဖြင့် သင်တန်းဝင်ခွင့် မှတ်ပုံတင်ခြင်းနှင့် သင်တန်းကြေးပေးသွင်းခြင်းများကို ခေတ္တရပ်ဆိုင်းထားကြောင်းနှင့် ပြန်လည်လက်ခံဆောင်ရွက်မည့် နေ့ရက်ကို ကြေညာမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို YUFL Facebook Page နှင့် ဖုန်း ၀၁၅၁၅၂၃၆ နှင့် ၀၉-၂၅၄၀၃၂၇၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**

## ထူးခြားသည့် ညအပူချိန်များ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့၊ ကျောက်မဲမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ ရမ်ကလောင်း၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဧလ**

# ရခိုင်ပြည်နယ်၌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၆**



ရခိုင်ပြည်နယ်၌ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ နာယက၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ပြည်ထောင်စုနေ့နှင့် လွတ်လပ်ရေးနေ့တို့သည် နှစ်စဉ်နှစ်တိုင်း ပုံမှန်ကျင်းပသော အခမ်းအနားများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုံမှန်အတိုင်း ကျင်းပမည် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေခြင်းကြောင့် အခမ်းအနားကို ယခင်နှစ်များကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်မည် မဟုတ်ပါကြောင်း၊ သို့သော်လည်း ပြည်ထောင်စုနေ့၏ အနှစ်သာရကို ပေါ်လွင်အောင် ကျင်းပသွားမည် ဖြစ်ကြောင်းနှင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များ အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။ တင်ပြဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီ နာယက၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးသည်။

အစည်းအဝေးသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။


**တင်ထွန်း(ပြန်/ဆက်)**




## လွယ်ကူစစ်ဆေး သင့်ကျန်းမာရေး

စာရေးသူ ဒေါက်တာခင်မိုးမိုးရေးသားသည့် လွယ်ကူ စစ်ဆေး သင့်ကျန်းမာရေး စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။

အဆိုပါစာအုပ်တွင် ကျန်းမာနေကြောင်း သိရှိအောင် စက္ကန့် ၃၀ အတွင်း အလွယ်တကူစစ်ဆေးနည်း၊ နှလုံးရောဂါဖြစ်မဖြစ် သိရှိနိုင်စေရန် စစ်ဆေးနည်း၊ သိုင်းရွိုက်ရောဂါအတွက် တစ်မိနစ်အတွင်း မိမိကိုယ်တိုင်




စစ်ဆေးနိုင်သော နည်းလမ်း၊ ကျန်းမာရေးပြဿနာဖြစ်နေကြောင်း ခန္ဓာကိုယ်က ဖော်ပြနေသည့် သတိပေးလက္ခဏာများအကြောင်း၊ ဦးခေါင်း၊ ဆံပင်၊ မျက်နှာက အစပြုကာ လူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းများက ပြောပြသည့် ကျန်းမာရေးအကြောင်း လေ့လာတင်ပြထားသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါး ၃၂ ပုဒ်ကို စုစည်း ဖော်ပြထားသည်။

ဆေးပညာတွင် “ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်း၏”ဟူသည့် ဆိုရိုးစကားနှင့်အညီ ရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ကိုယ်တိုင်စစ်ဆေးနိုင်သည့် နည်းလမ်းများစွာကို လေ့လာသိရှိနိုင်မည့် စာအုပ်ကောင်း တစ်အုပ်လည်း ဖြစ်သည်။

ယင်းစာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower၊ အနော်ရထာလမ်း(၃၉လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁၃၈၅၂၉၃၊ ၀၁၈၃၉၂၇၃၉ သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

## ဆန်တိုရီနီ၊ အေသင်နှင့် ဂရိတစ်ခွင်ခရီးနှင်

စာရေးသူ ဒေါက်တာတင်ထွန်းဦး ရေးသားသည့် ဆန်တိုရီနီ၊ အေသင်နှင့် ဂရိတစ်ခွင်ခရီးနှင် ခရီးသွားဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။

အဆိုပါ စာအုပ်တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထွန်းကားခဲ့သည့် ဒေသ၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်၏ စတင်မွေးဖွားရာ၊ အနောက်တိုင်းယဉ်ကျေးမှုအနုပညာနှင့် အနောက်တိုင်း ဆေးပညာများ အစပျိုးခဲ့ရာ နိုင်ငံရေးသိပ္ပံ သင်္ချာနှင့် သိပ္ပံပညာရပ်တို့၏ အခြေခံစနစ်များ ပေါ်ထွန်းခဲ့သည့် နေရာ၊ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာ ၁၈ ခုတို့၏ စုစည်းရာ ဂရိဒေသအကြောင်း ဆောင်းပါး ၁၁ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ထင်ရှားကျော်ကြားလှသည့် ဂရိ၊ ဂရိတို့၏ မြို့တော်၊ ကမ္ဘာကျော် အခရိုပိုးလစ်နှင့် ပါသီနွန်၊ နာမည်ကျော်




ပိုဆိုက်ဒွန်ဘုရားကျောင်း၊ ထူးခြားခမ်းနားလှသည့် ရှေးခေတ်လဟာပြင် ဇာတ်ရုံကြီး၊ ကမ္ဘာကျော် မိုင်စီနေးမြို့ဟောင်း၊ ရှေးခေတ်အိုလံပစ် စတင်ရာ အိုလံပီယာ၊ ကမ္ဘာမြေ၏ ဗဟိုချက်ဟု ဆိုသည့် ဒဲလ်ဖီမြို့ဟောင်း၊ စိတ်ကူးပန်းချီရေးမမီသည့် ဆန်တိုရီနီ၊ ဂရိတစ်လွှား ထူးခြားထင်ရှား အခြားလေ့လာစရာများ စသည့်ဂရိနိုင်ငံ၏ ရှေးဟောင်းမြို့များနှင့် အလွန်သာယာလှပသည့် ဆန်တိုရီနီ ကျွန်းသို့ စာရေးသူကိုယ်တိုင် သွားရောက်ခဲ့သည့်အကြောင်း ဆောင်းပါးများကို ဓာတ်ပုံများနှင့်တကွ စာဖတ်သူကိုယ်တိုင် ရောက်ရှိသွားသကဲ့သို့ ခံစားဖတ်ရှုနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

“သမိုင်းကြောင်းရှည်လျား ထူးခြား၍ လေ့လာစရာ အလွန်များပြားပြီး လွန်စွာသာယာလှပသော ဂရိနိုင်ငံကို စိတ်ဝင်စားသူများ၊ ထိုနိုင်ငံသို့ သွားရောက်ရန် ရည်ရွယ်ထားသူများနှင့် ယင်းသို့ ခရီးထွက်တော့မည့်သူများအတွက် လေ့လာဖတ်ရှုနိုင်ရန် ယခုစာအုပ်ကို ရေးသားပြုစုလိုက်ရကြောင်း” စာရေးသူက ပြောကြားထားသည်။

ယင်းစာအုပ်ကို သုတစွယ်စုံစာအုပ်တိုက်၊ အမှတ် (၉)ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower ၊ အနော်ရထာလမ်း(၃၉လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း ၀၁၃၈၅၂၉၃၊ ၀၁၈၃၉၂၇၃၉ သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဟားခါးမြို့ ဈေးသစ်ရပ်ကွက်တွင် မီးဘေးသင့်အိမ်ထောင်စုအား ချင်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့က ထောက်ပံ့

**ဟားခါး ဖေဖော်ဝါရီ ၆**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂ ရက်က မီးလောင်မှုဖြစ်ပြီးနောက် မီးဘေးသင့်အိမ်ထောင်စုအား ဖေဖော်ဝါရီ ၄ ရက်က ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရာလ်ခမ်းနှင့် တပ်ဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အဆိုပါထောက်ပံ့ပစ္စည်းများတွင် မိသားစုအသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ထောက်ပံ့ပစ္စည်း အမျိုးအစား ၁၃ မျိုးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ထောက်ပံ့ပစ္စည်း အမျိုးအစား ၂၀ ကို ထိခိုက်နစ်နာသည့် အိမ်ထောင်စုတစ်စုအား ထောက်ပံ့ပေးအပ်သည်။

ချင်းပြည်နယ် ကြက်ခြေနီတပ်ဖွဲ့အနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ရည်ရွယ်၍ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန် စသည့်လုပ်ငန်းစဉ်သုံးရပ်နှင့်အညီ ပြည်သူများအား ကူညီထောက်ပံ့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကြံခင်း-ဟသ်ာတ-ပုသိမ် ရထားများ ပုံမှန်ပြေးဆွဲ

**မြန်အောင် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်း-ဟသ်ာတ- ပုသိမ်သို့ သွားရောက်သည့် အမြန်ရထားများသည် ဖေဖော်ဝါရီ ၅ ရက်က ပြေးဆွဲကြောင်း သိရသည်။

အမှတ် ၁၈၁-၁၈၂ အမြန်ရထားသည် ဖေဖော်ဝါရီ ၅ ရက်မှစ၍ ကြံခင်းမှ ပုသိမ်ပြေးဆွဲခဲ့ပြီးနောက် ဖေဖော်ဝါရီ ၈ ရက်တွင် အမှတ် ၁၈၉-၁၉၀ လော်ကယ်ရထား ကြံခင်းမှ ဟသ်ာတသို့ ပုံမှန်အချိန်နှင့် ပုံမှန်ဈေးနှုန်းများအတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့် ထောက်ခံစာများ မလိုအပ်တော့ကြောင်းနှင့် အမြန်စာပို့ လော်ကယ်ရထားများ ပုံမှန်ပြေးဆွဲသွားမည် ဖြစ်ကြောင်း မြန်အောင်မြန်မာ့မီးရထားရုံပိုင်ကြီး ဦးသန်းဝင်းထံမှ သိရသည်။

**သိန်းဝင်းဦး**

# ကသာမြို့ရှိ ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ချ်အော်ဝဲလ်၏ မြန်မာပြည်နေ့ရက်များထဲက အိမ်နီကြီးကို စတင်ပြုပြင်

ကသာ ဖေဖော်ဝါရီ ၆

ကသာမြို့ရှိ ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ချ်အော်ဝဲလ်၏ မြန်မာပြည်နေ့ရက်များ ဝတ္ထုထဲက ရှေးဟောင်းအိမ်နီကြီးကို ထိန်းသိမ်းနိုင်ရေး ငွေကျပ်တစ်ယောက် တစ်သောင်းအစီအစဉ်ဖြင့် စတင်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ကြသည်။

အဆိုပါအိမ်နီကြီးမှာ ကသာမြို့ရှိ ပြည်သူ့ဆေးရုံဝင်းအနီး ရှေးဟောင်းအိမ်ကြီး တစ်လုံးဖြစ်ပြီး ၁၈၉၈ – ၁၉၀၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အရေးပိုင်မင်း ဘားနတ်ဟော့တန် နေထိုင်ခဲ့သော အိမ်ခြံဝင်းအကျယ် သုံးဧကကျော်ရှိသည့် အိမ်ဖြစ်၍ နောက်ပိုင်း မည်သူမျှနေထိုင်ခြင်းမရှိဘဲ နေအိမ်အစိတ်အပိုင်းအချို့ ပျက်စီးလျက်ရှိသည်။ ရှေးဟောင်းသုတေသနဌာနက မှတ်တမ်းပြုစုခဲ့သည့် အဆောက်အအုံ ၂၀ ကျော် စာရင်းဝင် အရေးပိုင်မင်းအိမ်နှင့် ရဲဝန်ထောက် George Orwell နေအိမ်နှစ်လုံး၏ လက်ရှိအခြေအနေမှာ ယိုယွင်းပျက်စီးနေသဖြင့် ခရီးသွားများ ဆွဲဆောင်မှုရှိစေရေးနှင့် ရေရှည်တည်တံ့ရေး လုပ်ဆောင်လျက်ရှိကြောင်း Katha Heritage Trust အတွင်းရေးမှူး ဦးညိုကိုနိုင်က ရှိသည်။

"နိုင်ငံရပ်ခြားခရီးသွားတွေ၊ ရပ်နီးရပ်ဝေးက ခရီးသွားဧည့်သည်တွေ နေအိမ်ဝင်းအတွင်း အမှတ်တရဓာတ်ပုံဝင်ရိုက်ကြတယ်။ ညပိုင်းလျှပ်စစ်မီးအလင်းရောင်မရှိတဲ့အတွက် အပန်းဖြေလေ့လာသူတွေ၊ ဓာတ်ပုံရိုက်သူတွေ အဆင်ပြေအောင် လျှပ်စစ်မီးသွယ်တန်းကာ နားနေခုံတန်း၊ မီးအလှတိုင်တွေ စိုက်ထူကာ အပေါင်းအသင်း မိတ်ဆွေများနဲ့ တိုင်ပင်ပြီး လုပ်ဆောင်နေပါတယ်။ ရပ်နီးရပ်ဝေးကလည်း ပံ့ပိုးကူညီပေးနေကြပါတယ်။ ကသာမြို့မှာရှိတဲ့ လျှပ်စစ်ပညာရှင်တွေ၊ ပန်းရန်ကျွမ်းကျင်ပညာရှင်တွေကလည်း အခမဲ့ပညာဒါနနဲ့ လာရောက်ပြုလုပ်ပေးလျက်ရှိနေပါတယ်။ ဆက်ပြီးတော့ ခြံထဲမှာ ရှင်းလင်းတာ၊ မြေအောက်လိုင်းကျင်းများ တူးဖော်ခြင်းတွေကို ပြုလုပ်နေပါတယ်"ဟု ကသာမြို့ Katha Heritage Trust အတွင်းရေးမှူး ဦးညိုကိုနိုင်က ပြောသည်။

ငွေအိုး (ကသာ)

# တောင်ကြီးတွင် မိသားစုဝင်ငွေတိုးရန် တစ်ပိုင်တစ်နိုင် ဂျူးမြစ်စိုက်ပျိုး

တောင်ကြီး ဖေဖော်ဝါရီ ၆



ရှမ်းပြည်နယ်တွင် ဒေသခံတောင်သူများ ရာသီအလိုက် သီးပင်စားပင်များ စိုက်ပျိုးလျက်ရှိရာ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၌ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေ ရရှိရန် ဂျူးမြစ်များ စိုက်ပျိုးရောင်းချလျက်ရှိသည်။

"ဂျူးမြစ်ကို ဝါဆိုလမှာ စတင်စိုက်ပျိုးပြီး ခြောက်လပြည့်ရင် အမြစ်ကို တူးလို့ရပြီ၊ မျိုးကတော့ အမြစ်ထိပ်ပိုင်းကို လှီးပြီး ပြန်စိုက်ရတယ်။ စိုက်ပျိုးချိန်မှာ မြေသြဇာမသုံးဘူး။ အပင်ထွက်လာမှ ကြီးထွားဖို့မြေသြဇာကို သုံးတယ်။ ပိုးသတ်ဆေး မသုံးဘူး။ ရေသွင်းစိုက်ရတယ်။ ထွက်ရှိလာတဲ့ ဂျူးမြစ်ကို ရန်ကုန်ဈေးကွက်နဲ့ တောင်ကြီးဈေးကွက်တွေ တင်ပို့ရောင်းချတယ်။ ဈေးနှုန်းက တစ်စည်းကို ငွေကျပ် ၁၀၀ နှုန်း၊ ပိဿာနဲ့လည်း ရောင်းတယ်။ ဈေးနှုန်းက ပြီးခဲ့တဲ့နှစ်နဲ့ အခုနှစ်မှာ အတူတူပဲ ဂျူးမြစ်တိုးချိန် ဈေးပြန်တက်တယ်။ အခု စိုက်ထားတဲ့ ဂျူးမြစ်က တစ်ဧကလောက်ပဲရှိတယ်။ အရင်းအနှီးက ငွေကျပ်သိန်း ၃၀ လောက် ကုန်တယ်။ ပြန်ရောင်းလို့ ရတဲ့အမြတ်က နေ့စားလုပ်အားခများတဲ့အတွက် ပိုင်ရှင်က တစ်ဝက်လောက်ပဲ ရတယ်။ ဂျူးမြစ်တူး နေ့စားခက တစ်ရက်ကို ငွေကျပ် ၇၀၀၀ နဲ့ အယောက် ၃၀ ခေါ်ရတယ်။ ဂျူးမြစ်ဆေးသမားကို တစ်ရက် ငွေကျပ် ၆၀၀၀၊ အမြစ်ကို ပြန်စည်းပေးတဲ့ သူကိုတော့ တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်း ပေးရတယ်။ ဂျူးမြစ်ရောင်းလို့ရတဲ့ အမြတ်ငွေက အရင်း သာသာလောက်ပဲ ပြန်ရတယ်။ မြေသြဇာနှင့် ပိုးသတ်ဆေး သိပ်မသုံးရပေမယ့် နေ့စားလုပ်အားခက ပိုကုန်တယ်။

"ရာသီ သီးနှံအလိုက် ပေါ်ချိန်မှာ ကျွန်မတို့ အလုပ်အကိုင်ရတယ်။ နေ့စားလုပ်အားနဲ့ပေါ့။ အခုဂျူးမြစ်ကို ဆေးကြောတာ တစ်ရက် ၆၀၀၀ ရတယ်။ သီးနှံပေါ်ချိန်ဆို တစ်ရက် ငွေကျပ် ၄၀၀၀ ရတယ်။ ဂျူးမြစ်အလုပ်ကိုတော့ တစ်လကနေ နှစ်လအထိ ရှိတယ်။ စိုက်သူကနည်းရင် ရက်တိုတယ်။ ကေများမယ်ဆို ရက်ပိုရှည်တယ်။ ဂျူးမြစ်ဆေးတဲ့ အချိန်မှာ အကြမ်းအရင် ဆေးပြီး အမြစ်အမျှင်တွေ၊ အရွက်ဝါတွေ ဖယ်ရတယ်။ ပြီးရင် ပြန်ဆေးရတယ်။ ဆေးပြီး သုံးပင်၊ လေးပင် စည်းပြီး ဈေးထဲမှာ ပြန်ရောင်းချရတယ်" ဟု နေ့စားအလုပ်သမ ဒေါ်နန်းခမ်းဗွာ က ပြောသည်။

ဂျူးမြစ်သည် ပဲပုပ်၊ မြေပဲဆန်နှင့် ရော၍ ဘာလချောင်အဖြစ် လည်းကောင်း၊ ပဲဆေးခါးဟင်းနှင့် ဂျူးမြစ်သုပ်ကို လည်းကောင်း၊ ငါးဖြင့်ကြော်ခြင်း၊ ထောင်းစားခြင်းနှင့် ဟင်းထုပ်၊ ဝက်သားချဉ်၊ ငါးထမင်းနယ် တို့ဖြင့်တွဲ၍ စားခြင်း၊ နေရာစုံ အသုံးဝင်ကြောင်းနှင့် ကျန်းမာရေးအတွက် ဆေးဖက်ဝင်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# မောင်တောမြို့နယ်တွင် ငွေကျပ် သိန်း၆၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၆

မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၆၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါ သတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက သတင်းအရ မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီး ငွေတောင်ကျေးရွာဘက်မှ ကျီးကန်းပြင်ကျေးရွာဘက်သို့ ကျော်မင်းထွန်း မောင်းနှင်ပြီး ထွန်းသာစိန် လိုက်ပါလာသော Lifan မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၆၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၇၅၀ ရှာဖွေတွေ့ရှိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မောင်အေးနု၊ ကျော်နိုင်ဝင်း(ခ) ကျော်လှိုင်တို့ကို ပြဿဒ်ရွာအနီးတွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိ၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တိုက်ကြီးမြို့နယ်၌ တောဆင်ရိုင်းဝင်ရောက်ဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဘန့်ဘွေးကွင်းကျေးရွာနေ ဦးတင်ဝင်း၏ နေအိမ်ခြံဝင်းအတွင်းသို့ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီက တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီးခဲ့သောကြောင့် သက်ငယ်မိုး၊ ထရံကာ၊ ဝါးခင်းလူနေတဲ တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက် ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် အဆိုပါတောဆင်ရိုင်းသည် မိနစ် ၃၀ ခန့်အကြာတွင် တောအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြောင်း သိရသည်။

ရဲပြန်ကြား

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များ အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၆

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီအထိ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ရာ ရန်ကုန်–မန္တလေးအမြန်လမ်း၊ အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ငါးစီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ငါးစီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး စုစုပေါင်း ၁၈ စီး ဖမ်းဆီးရမိပြီး သက်ဆိုင်ရာယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

# ကျောက်ပန်းတောင်းမြို့နယ်၌ ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ကာ အမျိုးသားနှစ်ဦး ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာရှိ ဖြိုးနေစက်သုံးဆီဆိုင်တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာနေ ရွှေထွန်း ပိုင်ဆိုင်သည့် ဖြိုးနေ စက်သုံးဆီ ရောင်းဝယ်ရေးဆီဆိုင်၌ ဖေဖော်ဝါရီ ၄ ရက် ည ၉ နာရီကျော်က ၎င်း၏သားဖြစ်သူ ရဲဖြိုးအောင်မှာ ဓာတ်ဆီလှောင်ကန်အတွင်းမှ ဓာတ်ဆီများ ဆီပီပါအတွင်းသို့ မော်တာဖြင့် ဆီဖြည့်စဉ် ပွတ်တိုက်မှုဖြစ်ပွားရာမှ မီးလောင်မှုဖြစ်ရာ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းနိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဓာတ်ဆီပီပါ သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကာ ရဲဖြိုးအောင်နှင့် ရွှေထွန်းတို့ နှစ်ဦးတွင် မီးလောင်ဒဏ်ရာများ ရရှိသောကြောင့် ရွှေထွန်းအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



# အင်းစိန်တွင် ယာဉ်တိုက်မှု တစ်ဦးသေဆုံး ထွက်ပြေးယာဉ်မောင်းအား စုံစမ်းဖမ်းမိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီက မော်တော်ယာဉ်က လမ်းဖြတ်ကူးသူကို တိုက်မိ၍ တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက်နေ ဒေါ်တင်တင်ဦး(၆၇ နှစ်)သည် လှိုင်မြစ်လမ်းကို တောင်မှမြောက်သို့ဖြတ်ကူးစဉ် အဆိုပါလမ်းအတိုင်း မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးက ဝင်ရောက်တိုက်မိထွက်ပြေးသဖြင့် ဒေါ်တင်တင်ဦးတွင် ဒဏ်ရာများရရှိကာ ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းမှာ ထွက်ပြေးသဖြင့် အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်၍ လိုက်လံဖမ်းဆီးခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)နေ အောင်ကျော်ထွန်း(၂၁ နှစ်)အား ၎င်းမောင်းနှင်သော YGN 3C/---- ၁၀ ဘီးယာဉ်နှင့်အတူ လိုက်လံဖမ်းဆီးရမိသဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# မသန်ပေမယ့် စွမ်းကြသူများ

ကေ – ဂျူဝယ်လ်



**မင်္ဂလာပါကလေးတို့ရေ။ ကိုဗစ်–၁၉ကြောင့် ကလေးလေးတို့အားလုံး ကျောင်းမတက်ကြရသေးလို့ ပျင်းနေကြပြီလား။ ဒီတစ်ပတ်မှာ မမက ကလေးတို့ကို ကိုယ်အင်္ဂါမသန်စွမ်းတဲ့ သူငယ်ချင်းတွေအကြောင်းကို ပြောပြပေးဖို့ ရည်ရွယ်ထားပါတယ်။ ကလေးတို့ပတ်ဝန်းကျင်မှာရော ခြေလက်အင်္ဂါမသန်စွမ်းသူ၊ ဒါမှမဟုတ် မျက်စိမမြင်သူ၊ နားမကြားသူတွေကို တွေ့ဖူးကြသလား။ သူတို့ဘာကြောင့် အဲဒီလိုဖြစ်ရသလဲဆိုတာကို မမက ကလေးတို့ ဗဟုသုတရရှိအောင် ပြောပြပေးသွားမှာပါ။**

ကမ္ဘာပေါ်မှာတော့ သူတို့ကို အမျိုးအစား ခုနစ်မျိုးအထိ ခွဲခြားထားတယ်။ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ချို့ယွင်းတာ၊ မျက်စိမမြင်တာ၊ နားမကြားတာ၊ အတက်ရောဂါရှိတာ၊ ဉာဏ်ရည်နိမ့်တာ၊ အနာကြီးရောဂါဖြစ်တာနဲ့ အပြုအမူ ထူးထူးခြားခြားရှိတာဆိုပြီး အမျိုးအစားတွေခွဲခြားထားပါတယ်။ အားလုံးကို ခြုံငုံပြီးတော့ မသန်စွမ်းလို့ခေါ်ပါတယ်။

မမတို့မြန်မာနိုင်ငံမှာတော့ အကြမ်းအားဖြင့် မသန်စွမ်းလေးမျိုးအဓိကခွဲခြားထားပါတယ်။ အဲဒါက ကိုယ်လက်အင်္ဂါ တစ်ခုခုချို့ယွင်းနေတာ၊ အမြင်အာရုံအားနည်းတာ၊ အကြားအာရုံအားနည်းတာနဲ့ စဉ်းစားတွေးခေါ်နိုင်တဲ့ ဉာဏ်ရည်အားနည်းတာဆိုပြီးရှိတာပါ။ ဒီနေ့မှာတော့ မမက အဲဒီထဲကမှ ကလေးတို့ ပတ်ဝန်းကျင်မှာ တွေ့ရလေ့ရှိပြီး သူတို့ဟာ သူတို့ကိုယ်ပိုင်အစွမ်းအစနဲ့ ရပ်တည်နိုင်ကြတဲ့ ကိုယ်အင်္ဂါချို့တဲ့သူ မသန်စွမ်းတွေအကြောင်းကို ပြောပြပေးမယ်နော်။

ကလေးငယ်ဘဝကတည်းက ကိုယ်အင်္ဂါချို့ယွင်းပြီး ခြေလက်တွေသိမ်တာ၊ အကြောတွေသေတာမျိုးကြောင့် မသန်စွမ်းဘဝ ရောက်ရသူရှိသလို ခြေထောက်တွေ၊ လက်တွေ မတော်တဆထိခိုက်ပြီး ပြတ်သွားရတာမျိုးကြောင့်လည်း မသန်စွမ်းဖြစ်ကြရသူတွေ ရှိတာပေါ့ကွယ်။ မသန်စွမ်းမှုအမျိုးအစားတွေကိုတော့ သူငယ်နာ အကြောတင်း၊ ခြေပြတ်လက်ပြတ်၊ ပိုလီယိုအကြောသေ၊ ကျောကုန်းခေါက်ခြင်း၊ ဖုခြင်း၊ ကြွက်သားရောဂါ၊ ဖွံ့ဖြိုးမှု အားနည်းခြင်း၊ သွက်ချာပါဒဝက်ရူးပြန်ခြင်း စသည်ဖြင့် ခွဲခြားထားကြပါတယ်။

ကိုယ်အင်္ဂါမသန်စွမ်းတွေထဲက သူငယ်နာအကြောတင်းဖြစ်နေကြသူတွေဟာ အကြောင်းအမျိုးမျိုးကြောင့် မေမေ့ဗိုက်ထဲမှာ၊ မွေးဖွားစဉ်မှာ ကလေးလေးရဲ့ ဦးနှောက်အစိတ်အပိုင်းတစ်ခုခု ပျက်စီးသွားတာကြောင့် ကလေးလေးဟာ မွေးရာပါကြွက်သားတွေ လှုပ်ရှားမရတော့တာမျိုး ဖြစ်ရတာပါ။ အချို့ သူငယ်နာအကြောတင်း ဖြစ်ကြရသူတွေမှာ အကြားအာရုံရော၊ အမြင်အာရုံပါ ဆုံးရှုံးသွားတတ်တာမျိုးလည်းရှိပါတယ်။ ပြောရရင် ကလေးလေးဟာ မွေးစကတည်းက ခန္ဓာကိုယ်နေရာတစ်ခုခု လှုပ်ရှားလို့လုံးဝမရတာ၊ မျက်စိမမြင်၊ နားမကြားတာမျိုးကို ပြောတာပေါ့ကွယ်။



ပိုလီယိုအကြောသေရောဂါဆိုတာကတော့ ဗိုင်းရပ်စ်ပိုးတစ်မျိုးကနေ ကူးစက်ခံရတာဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်က ကလေးကျောရိုးမကြီးရဲ့ အစိတ်အပိုင်းတစ်ခုခုနဲ့ လှုပ်ရှားမှုတွေကို ထိန်းချုပ်ပေးနေတဲ့ အာရုံကြောတွေကို ဖျက်ဆီးပစ်လိုက်တဲ့အတွက် အကြောသေရောဂါဖြစ်ရတာပါ။ ကလေးတွေက ကျန်းကျန်းမာမာကြီးကနေ အဲဒီရောဂါပိုးကြောင့် အောက်ပိုင်းသေသွားသလို အာရုံကြောတွေ အလုပ်မလုပ်ကြတော့တာပါ။

ဒါပေမယ့် သူတို့ဟာ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု အားနည်းပေမယ့် စိတ်ဓာတ်ခွန်အား အပြည့်ရှိသူတွေဖြစ်ပါတယ်။ သူတို့ဟာ မသန်ပေမယ့် စွမ်းဆောင်နိုင်စွမ်းရှိတဲ့သူတွေဖြစ်ကြတဲ့အတွက် သူတို့ကို မသန်စွမ်းလို့ အားလုံးက ဂုဏ်ပြုခေါ်ဝေါ်ကြပါတယ်။ ကလေးတို့ ပတ်ဝန်းကျင်မှာ မသန်စွမ်းသူတွေ တွေ့မြင်ရတဲ့အခါ သူတို့ကို အတတ်နိုင်ဆုံး ကူညီပေးပါ။ သူတို့အခက်အခဲကို ကူညီပေးခြင်းကနေ သူတို့အတွက် စိတ်ဓာတ်ခွန်အားတွေရရှိစေသလို သူတို့စွမ်းဆောင်နိုင်စွမ်းတွေကိုလည်း ကလေးတို့က အသိအမှတ်ပြုပေးဖို့ လိုပါတယ်။

သူတို့က မမတို့၊ ကလေးတို့လို အလွယ်တကူသွားလာလို့ရအောင် စီစဉ်ထားတဲ့အစီအစဉ်တွေကို သိပ်ကိုမျှော်လင့်ကြပါတယ်။ အခုအချိန်မှာ လူသားတွေအတွက် တီထွင်ဖန်တီးမှု အရာပစ္စည်းတိုင်းကို လူသားအားလုံး အသုံးပြုနိုင်တဲ့ ဒီဇိုင်းကို နေရာအတော်များများမှာ ထားပေးကြတတ်ပါတယ်။ ကလေးတို့ သတိထားမိသလား။ ဥပမာ ပြောရရင် ဘီးတပ်လှည်းနဲ့ မသန်စွမ်းတွေအတွက် တက်ရဆင်းရလွယ်တဲ့ လမ်းအလျှောလေးတွေကို ပလက်ဖောင်းတွေမှာ ထည့်ပေးထားတတ်ကြတယ်။ လျှောက်လမ်းတွေမှာ မျက်မမြင်တွေ တုတ်ကလေးနဲ့ထောက်ပြီးလျှောက်လို့ရစေအောင် ပုံစံတုံးကလေးတွေ ထည့်ပေးထားကြတယ်။ ပြီးတော့ အများသုံးအိမ်သာတွေမှာဆိုရင် မသန်စွမ်းတွေအတွက် အသုံးပြုရလွယ်မယ့် သီးသန့်အိမ်သာခန်းတွေကို ဖန်တီးထားပေးကြတယ်။ အဲဒီလို နှစ်သိမ့်ပြီး သူတို့ရဲ့ ကိုယ်ပိုင်အစွမ်းအစတွေကို ဖော်ထုတ်ပေးခြင်းကနေ သူတို့အတွက် သာယာတဲ့ကမ္ဘာတည်ဆောက်ပေးကြတာပေါ့ကွယ်။

မမရဲ့ သူငယ်ချင်းတစ်ယောက်ဆိုရင် သူက သိပ်ကိုတော်တဲ့ ရှေ့နေတစ်ယောက်လည်းဖြစ်သလို မသန်စွမ်းသူတွေရဲ့အကျိုးကို ဆောင်ရွက်ပေးတဲ့ မသန်ပေမယ့် စွမ်းဆောင်နိုင်တဲ့ မိန်းကလေးတစ်ယောက်ပေါ့။ သူက ကျောင်းသွားတဲ့အခါတိုင်း သူ့ရဲ့သူငယ်ချင်းတွေက သူ့ကို ချီပိုးပြီး ကျောင်းခန်းထဲပို့ပေးကြတယ်။ သူ့ကို မသန်စွမ်းမို့ဆိုပြီး အားလုံးက ပစ်ပယ်မထားကြဘူးတဲ့။ သူဟာ သူငယ်ချင်းကောင်းတွေကို ရရှိခဲ့တဲ့အတွက် ကျောင်းတက်တဲ့အခါမှာလည်း စိတ်မညစ်ရဘဲ ပျော်ရွှင်ရပြီး စာကိုပိုပြီး ကြိုးစားသင်ယူခွင့်ရလာခဲ့တယ်တဲ့။ သူပြောပြတာတော့ မသန်စွမ်းတစ်ယောက်အပေါ် နားလည်ပြီး ချစ်ခင်ပေးမယ့် သူငယ်ချင်းတွေ ရှိဖို့လိုတယ်တဲ့လေ။

ကလေးတို့လည်း ကလေးတို့ပတ်ဝန်းကျင်မှာရှိနေနိုင်တဲ့ မသန်စွမ်းသူတွေကို ဂရုစိုက်ပေးပါ။ သူတို့ကို အကူအညီပေးပြီး သူတို့အားနည်းချက်တွေကို ဖြည့်ဆည်းပေးရင်း ကျောင်းပိတ်ရက်ကာလတွေကို ဖြတ်ကျော်လိုက်ပါလို့ မမက အကြံပြုလိုက်ပါတယ်နော်။

## လောကဝတ် (Etiquette)

# ကူညီတတ်တဲ့ကလေးတွေ

မမမေ

**ကိုယ်အင်္ဂါချို့တဲ့ သူငယ်ချင်းတွေကို ကလေးတို့ပတ်ဝန်းကျင်မှာတွေ့တဲ့အခါ သူတို့အတွက် တကယ့်ကို အကျိုးရှိရှိ ကူညီပေးနိုင်အောင် မမက လောကဝတ်ကလေးတွေကို ကလေးတို့ကို ပြောပြလိုပါတယ်။ ဒါမှသာ သူတို့နဲ့နားလည်မှုရပြီး ဘယ်လိုကူညီပေးရမလဲဆိုတာကို ကလေးတို့က သိမြင်လာမှာ ဖြစ်ပါတယ်။**

ပထမဆုံးတော့ မသန်စွမ်းတွေနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိအောင် ကြိုးပမ်းရမှာ ဖြစ်ပြီး သူတို့ကို အမှန်တကယ် စာနာနားလည်တယ်ဆိုတာကို သိအောင်ပြသရမှာ ဖြစ်ပါတယ်။ စာနာနားလည်စိတ်နဲ့ ကူညီပေးတဲ့အခါမှာလည်း ကလေးတို့က သူတို့အပေါ် အကျိုးအကြောင်းကို သေချာရှင်းပြပြီးမှ ကူညီတာက အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

ကလေးတို့ ကစားတဲ့အခါ မသန်စွမ်းသူတွေကိုလည်း အတူတူ ပါဝင်ကစားဖို့ ဖိတ်ခေါ်တာမျိုးကို လုပ်နိုင်ပါတယ်။ ဥပမာ ပြောရရင် သူတို့လည်း ကလေးတို့နဲ့အတူတူ ကစားခွင့်ရမယ့် ကစားနည်းမျိုးကို ရွေးချယ်ပြီး သူတို့ဟာ ကလေးတို့နဲ့ အတူတူ ဆိုတာကို ပြသပေးဖို့လိုပါတယ်။ သူတို့ရဲ့ အထောက်အကူပြုရတဲ့ပစ္စည်းတွေ ဥပမာ ချိုင်းထောက်၊ ဘီးတပ်ကုလားထိုင်၊ ခြေတု စတာတွေကို ကြောက်နေတာမျိုး၊ ရွံရှာတာမျိုး မပြုလုပ်သင့်ပါဘူး။ သူတို့ကို အထောက်အကူပေးတဲ့ပစ္စည်းတွေအဖြစ် မြင်ပေးနိုင်ဖို့ ကလေးတို့က ကြိုးစားရမှာပါ။

မသန်စွမ်းတွေဟာ ကလေးတို့လောက် မပြေးမလွှားနိုင်တာမျိုး ဖြစ်လာတဲ့အခါမှာလည်း စိတ်ပျက်တဲ့အမူအရာမျိုး ရှောင်ကြဉ်သင့်ပြီး သူတို့လုပ်ကိုင်နိုင်တဲ့ အရာတွေအပေါ်မှာလည်း ချီးကျူးဂုဏ်ပြုပေးသင့်ပါတယ်။ သူတို့ကို သနားစရာအဖြစ်မမြင်ဘဲ ချစ်ခင်တဲ့စိတ်နဲ့ သူတို့တတ်နိုင်တဲ့ အလုပ်တွေကိုလုပ်နိုင်ဖို့ ဖန်တီးပေးတာမျိုးက အကောင်းဆုံးပံ့ပိုးတာ ဖြစ်ပါတယ်နော်။



သူတို့ဟာ အခြားသာမန်သူတွေထက် ပိုပြီး စိတ်ခံစားမှု ပြင်းထန်တတ်ပါတယ်။ ဒါကြောင့် သူတို့ကို အတတ်နိုင်ဆုံး သည်းခံပေးဖို့၊ စိတ်ရှည်ဖို့လည်း လိုအပ်ပါတယ်။ ဒါပေမယ့် အားပေးသူ၊ ဖေးမသူတွေရဲ့ မေတ္တာတွေကြောင့် ဘဝမှာ အကောင်းဆုံး အရာတွေကို ပိုင်ဆိုင်သွားတဲ့ မသန်စွမ်းတွေလည်း အများကြီးရှိကြပါတယ်။ သူတို့ဟာ ဘဝကို ရေစုန်မမျောကြပါဘူး။ သူတို့ဟာ ကလေးတို့လိုပဲ ပညာသင်ကြတယ်။ သူတို့ ထူးချွန်တဲ့ အတတ်ပညာနဲ့ အသက်မွေးကြတယ်။ ဒါကြောင့် သူတို့ကို အတတ်နိုင်ဆုံး နားလည်ပေးဖို့က အဓိကကျပါတယ်။

ဒါကြောင့် ကလေးတို့က ပတ်ဝန်းကျင်မှာ မသန်စွမ်းသူတွေနဲ့ ဆက်ဆံတဲ့အခါ သူတို့အားနည်းချက်ကို အပြစ်တင်မိတာ၊ နှိမ်ချ ဆက်ဆံတာမျိုးလုံးဝမလုပ်သင့်ပါဘူးဆိုတာ ဗဟုသုတအနေနဲ့ ပြောပြလိုက်ပါတယ်နော်။

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု အရှိန်မြှင့်တင်ရေး ဥရောပနှင့် ဆေးဝါးထုတ်လုပ်ရေးအဖွဲ့များ အတူတကွလုပ်ဆောင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၆**

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးမှုကို အရှိန်မြှင့်တင်လုပ်ဆောင်ရန် ဥရောပနှင့် ဆေးဝါးထုတ်လုပ်ရေးအဖွဲ့များ အတူတကွ လက်တွဲလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးကို ဆင်းရဲသောနိုင်ငံများနှင့်လည်း မျှဝေသုံးစွဲရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပရေးရာဌာနအကြီးအကဲက ဖေဖော်ဝါရီ ၅ ရက်က ပြောကြားလိုက်သည်။ ထို့အပြင် ၎င်းအနေဖြင့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့လာမည့်အရေးကိုလည်း စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးခြင်းကို အရှိန်အဟုန်မြှင့် ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပရေးရာ ညွှန်ကြားရေးမှူး ဟန်းကလုဂျ်က အေအက်ဖ်ပီတွေ့ဆုံမေးမြန်းမှုတွင် ပြောကြားလိုက်သည်။

ယခုဖြစ်စဉ်သည် ဘရပ်ဆဲလ်နှင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထုတ်လုပ်သူများအကြား တင်းမာမှုများမြင့်နေချိန်တွင် ကာကွယ်ဆေးထိုးမှုအစီအစဉ်နှေးကွေးနေခြင်းကို ကျော်လွှားနိုင်ရန် ဥရောပ၏ကြိုးစားဆောင်ရွက်မှုဖြစ်သည်။

ယှဉ်ပြိုင်မှုကြီးမားလာသော ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများအနေဖြင့် ကာကွယ်ဆေးထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်ထုတ်လုပ်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဥရောပသမဂ္ဂတွင် လူဦးရေ ၂ ဒသမ ၅ ရာခိုင်နှုန်း ပထမအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း သိရသည်။

ဒီဇင်ဘာလကတည်းက ကာကွယ်ဆေးရမလား၊ မရဘူးလားဆိုသည့် မေးမြန်းမှုက အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရာတွင် ထိရောက်မှုရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

မိမိတို့အနေဖြင့် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် ပြဿနာရပ်များကိုဖြေရှင်းရန် ကြိုတင်စီစဉ်ထားသင့်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်သည် လူသားများအပေါ် လွှမ်းမိုးမှုရှိနေသေးသည်ဆိုသည့်အပေါ်လည်း သူက သတိပေးခဲ့သည်။ **အေအက်ဖ်ပီ**



ဂျာမနီနိုင်ငံ ဖရေ့ဆင်ရှိ ကိုဗစ်ကာကွယ်ဆေးထိုးဌာနတွင် ဖိုက်ဇာဘိုင်ရွန်တက်ခ်ကာကွယ်ဆေးများကို တွေ့ရစဉ်။

# ကမ္ဘာတစ်ဝန်း လူပေါင်းနှစ်သန်းကျော်အား သေဆုံးစေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ အနှောင့်အယှက်များဖြစ်စေခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်သည် အရှေ့တောင်အာရှရှိ လင်းနို့များမှအခြေခံသည်ဟု သုတေသနပညာရှင်များယူဆ

**လန်ဒန် ဖေဖော်ဝါရီ ၆**

ကမ္ဘာတစ်ဝန်း လူပေါင်းနှစ်သန်းကျော်အား သေဆုံးစေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ နှောင့်ယှက်ဟန့်တားမှုများ ဖြစ်ပေါ်စေခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်သည် အရှေ့တောင်အာရှရှိ လင်းနို့များမှ အခြေခံသည်ဟု ယူဆရမည်ဖြစ်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၅ ရက်က ဖော်ပြလိုက်သည်။

သတ္တဝါတို့၏ တည်နေရာလိုအပ်ချက်များကို အခြေခံကာ လင်းနို့မျိုးစိတ်များကို လေ့လာရန် ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က အပူချိန်၊ မိုးရွာသွန်းမှုဆိုင်ရာ အချက်အလက်များကို အသုံးပြုခဲ့ကြသည်။ ထိုသို့လေ့လာခဲ့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က လင်းနို့မျိုးစိတ်ပေါင်း ၄၀ သည် တရုတ်နိုင်ငံတောင်ပိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါဒေသတွင် မျိုးရိုးဗီဇဆိုင်ရာ လေ့လာဆန်းစစ်မှုများအရ SARS – CoV – 2 မျိုးစိတ်ကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။

ထိုအချိန်မှစကာ လင်းနို့တစ်ကောင်လျှင် ကိုရိုနာဗိုင်းရပ်စ် ပမာဏ ၂ ဒသမ ၇ ခုခန့် သယ်ဆောင်ခဲ့ကြောင်းနှင့် ယခုအချိန်တွင် အဆိုပါဒေသများ၌ အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ၁၀၀ ခန့် ရှိလာပြီဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **အေအက်ဖ်ပီ**



လင်းနို့များကို သုတေသနပြု လေ့လာနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ကပ်ရောဂါကို တွန်းလှန်ဖယ်ရှားရန် ပါပူအာနယူးဂီနီနိုင်ငံကို တရုတ်နိုင်ငံက ကူညီမည်

**ပေကျင်း ဖေဖော်ဝါရီ ၆**

ကိုဗစ်– ၁၉ ကပ်ရောဂါကို တွန်းလှန်ဖယ်ရှားနိုင်ရန် ပါပူအာနယူးဂီနီနိုင်ငံကို ကာကွယ်ဆေးများဖြင့် ထောက်ပံ့ရန် တရုတ်နိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း တရုတ် နိုင်ငံတော်အကြံပေးနှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဖေဖော်ဝါရီ ၄ ရက်က ပြောကြားလိုက်သည်။

ဝမ်က ပါပူအာနယူးဂီနီနိုင်ငံ၏ ယာယီနိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးသားစီမံခန့်ခွဲရေးနှင့် ထိန်းချုပ်စောင့်ကြည့်ရေးဝန်ကြီး ရိမ်းဘိုပိုင်တာနှင့် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးပြောကြားစဉ် ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားခြင်းနှင့် အပြန်အလှန်ယုံကြည်မှုရှိခြင်းများကို လွန်ခဲ့သော သံတမန်ဆက်သွယ်ရေးထူထောင်ခဲ့သည့် ၄၅ နှစ်ခန့်ကာလမှစကာ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ပါပူအာနယူးဂီနီနိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဓိကအကျိုးစီးပွားများကို အပြန်အလှန်အချင်းချင်း ထောက်ပံ့လျက်ရှိကြောင်း ဝမ်က ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ပါပူအာနယူးဂီနီနိုင်ငံတို့သည် ရိုးသားဖော်ရွေပြီး ယုံကြည်ထိုက်သည့် မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း ဝမ်က ဆက်လက်ပြောကြားသည်။ ကိုဗစ်– ၁၉ စတင်ဖြစ်ပေါ်လာချိန်ကတည်းက တစ်ဖက်နှင့် တစ်ဖက် ကိုဗစ်–၁၉ ရောဂါကို အတူတကွတိုက်ဖျက်လာခဲ့ကြောင်းနှင့် နှစ်နိုင်ငံကြားမိတ်ဖွဲ့မှုမှာ ပိုမို တိုးတက်လာပါကြောင်း ဝမ်က ပြောသည်။ ပိုင်တာကလည်း တရုတ် ကွန်မြူနစ်ပါတီတည်ထောင်ခြင်းနှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုပါကြောင်း၊ တရုတ်နိုင်ငံ၏ အောင်မြင်မှုများကို လေးစားပါကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

# ဂျာမနီနိုင်ငံတွင် ကိုဗစ်ကြောင့် ဘဏ္ဍာရေးယိမ်းယိုင်လာချိန်တွင် ရန်ပုံငွေမြှင့်တင်ရန်အတွက် အစိုးရ၏ပိုင်ဆိုင်မှုများ ထုတ်ရောင်းရန် စီးပွားရေးဝန်ကြီး အဆိုပြု

**ဘာလင် ဖေဖော်ဝါရီ ၆**

ဂျာမနီနိုင်ငံ၏ ဘဏ္ဍာရေးသည် ကိုဗစ်–၁၉ ကြောင့် ယိမ်းယိုင်လာချိန်တွင် အစိုးရ၏ ပိုင်ဆိုင်မှုများထုတ်ရောင်းပြီး ရန်ပုံငွေမြှင့်တင်မည်ဆိုသည့် မေးခွန်းက ယခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာတစ်ခု ဖြစ်လာခဲ့သည်။

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် နီးစပ်သော စီးပွားရေးဝန်ကြီး ပီတာအော်မေရာက စီးပွားရေးကဏ္ဍများတွင် အစိုးရပါဝင်မှုများနေခြင်းကို လျှော့ချရန် အဆိုပြုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ပိုင်များကို လူထုသို့ရောင်းချခြင်းက အကျိုးကျေးဇူးပိုများလာနိုင်ကြောင်း စီးပွားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ငွေကြေးများတိုးမြှင့်လာခြင်းဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံတော်ဘဏ္ဍာများ ယိုထွက်နေခြင်းကို ပြန်လည်ကုစားရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် လတ်တလောတွင် အစိုးရအနေဖြင့် ယူရိုတစ်ထရီလီယံ ထက်မနည်း ကုန်ကျနေကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဂျာမနီစီးပွားရေးဝန်ကြီး ပီတာအော်မေရာ။

# အစ္စရေးတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၂၃၇ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၇၄၄၅၃ ဦးရှိလာ

**အစ္စရေး ဖေဖော်ဝါရီ ၆**

အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၄ ရက်က ကိုဗစ်– ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၂၃၇ ဦး တိုးလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်– ၁၉ ဖြစ်ပွားသူ ၆၇၄၄၅၃ ဦး ရှိလာကြောင်း ဖော်ပြခဲ့သည်။ အစ္စရေးနိုင်ငံရှိ ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူပမာဏသည် ၄၉၉၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်းနှင့် ဆေးရုံတက်ရောက်နေရသည့် လူနာ ၁၆၈၆ ဦးတွင် ပြင်းထန်စွာ ခံစားနေရသူပမာဏ ၁၁၀၄ ဦးမှ ၁၀၉၈ ဦးအထိ လျော့ကျလာကြောင်း သိရသည်။

ကိုဗစ်– ၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာခဲ့သူ ၄၂၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉မှ ပြန်လည်ကောင်းမွန်လာသူပေါင်းသည် ၅၀၀ ကျော်ရှိလာကြောင်း သိရသည်။

အစ္စရေးနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်မှစကာ ကိုဗစ်– ၁၉ ကာကွယ်ဆေး စတင်ထိုးနှံသည့်အချိန်မှစ၍ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးသွားသူ အရေအတွက်သည် စုစုပေါင်းလူဦးရေ၏ ၃ ဒသမ ၃၄ သန်းသို့မဟုတ် ၃၅ ဒသမ ၉ ရာခိုင်နှုန်း ရှိလာပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗက်အစီအစဉ်က ပထမအကြိမ် ကာကွယ်ဆေးတွေကို နိုင်ငံရဲ့ လူဦးရေအချိုးအတိုင်း ဖြန့်ဝေပေးတော့မယ်

*ထွန်းသစ်စ*

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး သာတူညီမျှ ခွဲဝေပေးရေးဆိုင်ရာ ကိုဗက်အစီအစဉ်ဟာ ဖေဖော်ဝါရီ ၃ ရက်က ပထမအကြိမ် ကာကွယ်ဆေးဖြန့်ဝေပေးမယ့် စာရင်းကို ထုတ်ပြန်လိုက်ပါတယ်။ ကိုဗက်ရဲ့ ပထမအကြိမ်ဖြန့်ဝေပေးမယ့် ကာကွယ်ဆေးဟာ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းအချိန်မတိုင်မီအထိ နိုင်ငံတစ်နိုင်ငံရဲ့ လူဦးရေ သုံးရာခိုင်နှုန်းကျော်အထိ လုံလုံလောက်လောက် ထိုးပေးနိုင်မှာဖြစ်ပါတယ်။




❒ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ် ညှိနှိုင်းရေးမှူး အန်းလင့်ဒ်စထရန်းက ဇန်နဝါရီလမှာ ကျန်းမာရေးဝန်ထမ်းသေဆုံးမှုတွေ မြင့်တက်လာတာကြောင့် ကာကွယ်ဆေးထိုးနှံမှု လုံးဝမလုပ်ရသေးတဲ့ နိုင်ငံတွေကို ဦးစားပေးအစီအစဉ်နဲ့ ဖြန့်ဝေသွားမှာဖြစ်ကြောင်း ပြောကြား

### ဖေဖော်ဝါရီနှောင်းပိုင်းမှာ စတင်မယ်

ကိုဗစ်ကာကွယ်ဆေးဖြန့်ဝေမှုအစီအစဉ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးတက်ထုတ်လုပ်မှုမှာ နောက်ကျကျန်ရစ်ခဲ့တဲ့ ဝင်ငွေနည်းတိုင်းပြည်တွေအတွက်လည်း ပါဝင်လာမှာဖြစ်ပါတယ်။ ကိုဗက်ဟာ ကနဦးကာကွယ်ဆေး ၃၃၇ ဒသမ ၂ သန်းကို ဘယ်လိုမျိုး ဖြန့်ဝေပေးမလဲဆိုတာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ကာကွယ်ဆေး ပထမအကြိမ်ဖြန့်ဝေမှုကို ဖေဖော်ဝါရီ နှောင်းပိုင်းမှာ စတင်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

နိုင်ငံပေါင်း ၁၄၅ နိုင်ငံဟာ ၂၀၂၁ ခုနှစ် နှစ်လယ်လောက်မှာ သူတို့ရဲ့ လူဦးရေ ၃ ဒသမ ၃ ရာခိုင်နှုန်းကို ကာကွယ်ဆေးတွေ လုံလုံလောက်လောက်ထိုးပေးနိုင်မှာဖြစ်တယ်လို့ ကိုဗက်အစီအစဉ်က ပြောကြားလိုက်ပါတယ်။

### ကျန်းမာရေးဝန်ထမ်းတွေအတွက်ဦးစားပေး

ကိုဗက်ရဲ့ထုတ်ပြန်ဖော်ပြချက်မှာ ကနဦးကာကွယ်ဆေးဖြန့်ဝေမှုတွေကို အသက်အန္တရာယ်စိုးရိမ်ရသော ကျန်းမာရေးဝန်ထမ်းများကဲ့သို့သောသူများကို ကာကွယ်နိုင်ရန်အတွက် ရည်ရွယ်ချက်ထားဖြန့်ဝေပေးသွားမှာ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

မကြာမီ မိမိတို့အနေနဲ့ အသက်ကယ်ဆေးဖြစ်တဲ့ ကိုဗစ် - ၁၉ ကာကွယ်ဆေးများကို ကမ္ဘာတစ်ဝန်းလုံး ဖြန့်ဝေပေးနိုင်မှာဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းတိုက်ဖျက်နိုင်မယ့်အခွင့်အရေးများကို လုပ်ဆောင်သွားမှာဖြစ်ကြောင်း ဂါဗီရဲ့ အမှုဆောင်အရာရှိချုပ် ဆက်သ်ဘားကလေးက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂါဗီကာကွယ်ဆေး မိတ်ဖက်အဖွဲ့နှင့် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆန်းသစ်ပြောင်းလဲမှုမိတ်ဖက်အဖွဲ့တို့က ကိုဗက်ကို ဦးဆောင်လျက်ရှိပါတယ်။

### လူဦးရေအချိုးအတိုင်း ကာကွယ်ဆေးရရှိမယ်

နိုင်ငံများအနေဖြင့် သူတို့ရဲ့ လူဦးရေအချိုးအစားအတိုင်း ကာကွယ်ဆေးများကို ရရှိသွားမှာဖြစ်ပါတယ်။ ကာကွယ်ဆေးဖြန့်ဝေတဲ့နေရာမှာ အိန္ဒိယနိုင်ငံကတော့ ပထမဆုံးအနေနဲ့ ရရှိမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံကို ကိုဗစ်-၁၉ ကာကွယ်ဆေး ၉၇ ဒသမ ၂ သန်း၊ ပါကစ္စတန်နိုင်ငံကို ၁၇ ဒသမ ၂ သန်း၊ နိုင်ဂျီးရီးယားကို ၁၆ သန်း၊ အင်ဒိုနီးရှားကို ၁၃ ဒသမ ၇ သန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၁၂ ဒသမ ၈ သန်းနဲ့ ဘရာဇီးနိုင်ငံကို ၁၀ ဒသမ ၆ သန်းစီ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

တခြားကာကွယ်ဆေး အများအပြားဆက်လက်လက်ခံရရှိသွားမယ့်နိုင်ငံတွေကတော့ အီသီယိုးပီးယားက ၈ ဒသမ ၉ သန်း၊ ကွန်ဂိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက ၆ ဒသမ ၉ သန်း၊ မက္ကဆီကိုက ၆ ဒသမ ၅ သန်း၊ ဖိလစ်ပိုင်နိုင်ငံက ၅ ဒသမ ၆ သန်းနဲ့ အီဂျစ်နိုင်ငံက ၅ ဒသမ ၁ သန်းတို့ ဖြစ်ကြပါတယ်။

### ကာကွယ်ဆေးမထိုးနှံရသေးတဲ့ နိုင်ငံတွေ ဦးစားပေးမယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်ညှိနှိုင်းရေးမှူး အန်းလင့်ဒ်စထရန်းက ဇန်နဝါရီလမှာ ကျန်းမာရေးဝန်ထမ်းသေဆုံးမှုတွေ မြင့်တက်လာတာကြောင့် ကာကွယ်ဆေးထိုးနှံမှုလုံးဝ မလုပ်ရသေးတဲ့နိုင်ငံတွေကို ဦးစားပေးအစီအစဉ်နဲ့ ဖြန့်ဝေသွားမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

ကိုဗက်အစီအစဉ်မှာပါဝင်တဲ့ ဝင်ငွေနည်းနဲ့ ဝင်ငွေအနိမ့်ဆုံး ၉၂ နိုင်ငံအနေနဲ့ ကာကွယ်ဆေးဝယ်ယူရန် ရန်ပုံငွေကို အလှူရှင်များရဲ့ ရန်ပုံငွေထည့်ဝင်လှူဒါန်းမှုဖြင့် ရရှိနိုင်တဲ့အချိန်မှာ ချမ်းသာတဲ့နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ ကာကွယ်ဆေးအစီအစဉ်အတွက် ပိုမိုအာမခံချက်ရှိနိုင်ဖို့ ကာကွယ်ဆေးတွေကို အများအပြားဝယ်ယူကြပါတယ်။

### ကိုဗက်ရဲ့ ကာကွယ်ဆေးဖြန့်ဝေမှု

ကိုဗက်ရဲ့ ပထမအကြိမ်ကာကွယ်ဆေးဖြန့်ဝေမှုမှာ အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျုမှ အက်စ်ထရာဇနီကာ ကာကွယ်ဆေး သန်း ၂၄၀၊ ကြိုတင်ဝယ်ယူထားသော အက်စ်ထရာဇနီကာ-အောက်စဖို့ဒ် ကာကွယ်ဆေး ၉၆ သန်း၊ ဖိုက်ဇာ-ဘိုင်ရွန်တက်ခ်ကာကွယ်ဆေး ၁ ဒသမ ၂ သန်း ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါကာကွယ်ဆေးများမှာ နှစ်ကြိမ်ထိုးရမယ့် ကာကွယ်ဆေးများ ဖြစ်ကြပါတယ်။

ဖိုက်ဇာ-ဘိုင်ရွန်တက်ခ်ကာကွယ်ဆေးဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုရန်ခွင့်ပြုချက်ပေးခဲ့တဲ့ ကာကွယ်ဆေးဖြစ်ပါတယ်။ အက်စ်ထရာဇနီကာ - အောက်စဖို့ဒ်ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးရန်စဉ်းစားနေကြောင်း သိရပါတယ်။

ဖိုက်ဇာ-ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးဟာ အလွန်အေးအောင် စီမံထားတဲ့အအေးခန်းထဲမှာ သိုလှောင်သိမ်းဆည်းဖို့လိုအပ်ပါတယ်။ အဲဒီကာကွယ်ဆေးကို မတ်လအကုန်မှာ နိုင်ငံပေါင်း ၁၈ နိုင်ငံကို ပို့ပေးဖို့ လျာထားပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ ကိုလံဘီယာ၊ ပီရူး၊ ဖိလစ်ပိုင်၊ တောင်အာဖရိက၊ တောင်ကိုရီးယားနဲ့ ယူကရိန်းနိုင်ငံတို့ ပါဝင်ကြပါတယ်။ အဲဒီနိုင်ငံတွေဟာ ကာကွယ်ဆေး ပမာဏ ၁၁၇၀၀၀ စီရရှိကြမှာ ဖြစ်ပါတယ်။

### ကာကွယ်ဆေးဖြန့်ဝေရန် လျာထားသောနိုင်ငံများ

နောက်ထပ် ကာကွယ်ဆေး ဆက်လက်ဖြန့်ဝေရန် လျာထားတဲ့နိုင်ငံတွေကတော့ ဘူတန်၊ ဘိုလီဗီးယား၊ ဘော့စ်နီးယားနဲ့ ဟာဇီဂိုဗီနာ၊ ကိဗ်တောင်း၊ အယ်လ်ဆာဗေးဒို၊ ဂျော်ဂျီယာ၊ မော်လ်ဒိုက်၊ မွန်ဂိုလီးယား၊ ပါလက်စတိုင်း အချုပ်အခြာပိုင်နက်နယ်မြေများ၊ ရဝမ်ဒါနဲ့ တူနီးရှားနိုင်ငံတို့ ဖြစ်ကြပါတယ်။

ကာကွယ်ဆေးနှစ်မျိုးလုံးပါဝင်မယ့် ပထမအကြိမ် ကာကွယ်ဆေးဖြန့်ဝေမှုကို ပြောင်းလဲဖို့သိပ်မရှိသော်လည်း စီစဉ်ထားတဲ့နိုင်ငံတွေအနေနဲ့ စီစဉ်ထားတဲ့အချိန်မတိုင်ခင် ရရှိသွားမယ့်အနေအထားဖြစ်ပါတယ်။

တချို့ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတွေဟာ ကာကွယ်ဆေးဖြန့်ဝေပေးမယ့်စာရင်းမှာ ထိပ်ဆုံးက ပါဝင်နေကြပါတယ်။ အဲဒီနိုင်ငံတွေကတော့ တောင်ကိုရီးယား ၂ ဒသမ ၆ သန်း၊ ကနေဒါ ၁ ဒသမ ၉ သန်းနဲ့ နယူးဇီလန် ၂၅၀၀၀၀ ဖြစ်ကြပါတယ်။

တူဗာလူကတော့ ကာကွယ်ဆေးပမာဏအနည်းဆုံး ၄၈၀၀ နဲ့ နော်ရူးနဲ့မိုနာကိုတို့ကတော့ ၇၂၀၀ စီ အသီးသီးရရှိကြမှာ ဖြစ်ပါတယ်။

### နိုင်ငံပေါင်း ၁၉၀ နီးပါး ကိုဗက်အစီအစဉ်မှာပါ

နိုင်ငံပေါင်း ၁၉၀ နီးပါးဟာ ကိုဗက်အစီအစဉ်ထဲမှာ ပါဝင်ကြပါတယ်။ ယခုတစ်ကြိမ်စာရင်းထဲမပါတဲ့နိုင်ငံတွေအနေနဲ့ ကိုယ်ကြိုက်ရာနည်းလမ်းကိုရွေးချယ်နိုင်ပါတယ်။ ကာကွယ်ဆေးပမာဏအဆိုပြုလွှာတင်သွင်းခြင်းမရှိသေးခြင်း သို့မဟုတ် ကာကွယ်ဆေးခွဲတမ်း မရရှိသေးခြင်းမျိုးလည်း ဖြစ်နိုင်ပါတယ်။

သမ္မတသစ် ဂျိုးဘိုင်ဒင် လက်ထက်မှာတော့ အမေရိကန်ပြည်ထောင်စုဟာ ကိုဗက်အစီအစဉ်ထဲမှာ ပါဝင်တော့မယ်လို့ ပြောထားပါတယ်။ ၂၀၂၁ ခုနှစ်မကုန်မီ ကိုဗက်ဟာ သူ့အစီအစဉ်ထဲမှာ ပါဝင်တဲ့နိုင်ငံတွေအတွက် ခုခံအားနည်းပြီး အသက်အန္တရာယ်နဲ့ အချိန်မရွေးရင်ဆိုင်ရနိုင်တဲ့သူ အနည်းဆုံး သန်း ၂၀၀အတွက် ကာကွယ်ဆေးများကို လုံလုံလောက်လောက်ဖြန့်ဝေပေးသွားဖို့ ရည်မှန်းထားကြောင်းသိရပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❖ *ကျောဖုံးမှ*

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၆–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၇,၀၈၁) ဦး | (၂,၄၅၅,၆၉၉) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၆၅) ဦး | (၁၄၁,၃၆၉) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၃၁၄) ဦး | (၁၂၇,၅၄၃) ဦး |
| သေဆုံးလူနာ | (၂) ဦး | (၃,၁၇၀) ဦး |

- ယနေ့ သေဆုံးသူ (၂) ဦးသည် ရောဂါအခံရှိသူများဖြစ်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေး ဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၃၁၄) ဦးတွင် –
  - ဆေးရုံများ – (၂၀၈) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၀၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ် ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သူများအား နေအိမ်များတွင်ဆက်လက်၍ အသွားအလာ ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




မိမိကိုယ်တိုင်က ရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်။
ရောဂါပိုးဖြန့်ဖြူးမိတဲ့သူမဖြစ်ပါစေနဲ့။ စည်းကမ်းတွေကို လိုက်နာတာက သင်ကိုယ်တိုင်အပြင် အခြားသူများကိုလည်း ရောဂါကူးစက်မယ့် အန္တရာယ်ကနေ ကာကွယ်ပြီးသားဖြစ်မှာပါ။ သင့်မှာ COVID-19 ရောဂါလက္ခဏာတွေရှိနေတယ်ဆိုရင် အခြားသူတွေ မကူးစက်အောင် အိမ်မှာပဲ တတ်နိုင်သမျှနေပါ။ ကိုဗစ်ကို အတူတိုက်ထုတ်ကြပါစို့။




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ကျောက်စိမ်းစေတီတော် တည်ထား



လက်ရှိတည်ထား ကိုးကွယ်တော်မူသော ကျောက်စိမ်းစေတီတော်အား ဖူးတွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်းမြို့နယ်) ၁၄၆ ရပ်ကွက် ကျီစုလေးအနောက်တွင် မြန်မာနိုင်ငံ၌ ဒုတိယမြောက်အောင်တော်မူ ကျောက်စိမ်းစေတီတော်မြတ်ကို ဗုဒ္ဓဘာသာ သာသနာအကျိုးမျှော်တွေး ရေးရှု၍ တည်ထားကာ ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်ကြောင်း အဆိုပါစေတီပေါ်ပေါက်လာရေးအတွက် ဦးစီးဦးဆောင်ပြုသော အောင်ဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် အရှင်ဦးဩဘာသက မိန့်ကြားသည်။

အဆိုပါစေတီတော် တည်ထားကိုးကွယ်ရန်တွက် ၂၀၁၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် မြေသန့်မင်္ဂလာကျင်းပပြီး တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ကြောင်း၊ တန်ခူးလပြည့်နေ့တွင် ဌာပနာပိတ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ထီးတော်တင်လှူဒါန်းမှုပြုနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်စိမ်းစေတီတော်၏ ဘွဲ့အမည်ကို "အောင်တော်မူကျောက်စိမ်းစေတီတော်" ဟု ခေါ်တွင်စေခဲ့ကြောင်း၊ စေတီတော်၏ အကျယ်သည် ၇၂ ပေ ပတ်လည်ရှိပြီး ဉာဏ်တော်အမြင့်မှာ ၂၇ ပေ ၉ လက်မရှိသည်။ မုခ်ဦးလေးခု၊ ဂြိုဟ်တိုင် ရှစ်တိုင်၊ အရံစေတီ ၁၂ ဆူတို့ကိုလည်း အောင်မြင်စွာ တည်ထားတော်မူခဲ့ကြောင်း ဆရာတော်ကြီးက ထပ်မံမိန့်ကြားသည်။

စေတီကြီးအတွက် ကျောက်စိမ်းများကို လှူဒါန်းသူမှာ မန္တလေးမြို့နေ ဒါယကာကြီး ဝေရောစန ဦးစိုးနိုင်ဖြစ်ပြီး ကျောက်စိမ်းတန်ဖိုးသည် တန်ဖိုးမဖြတ်နိုင်သလို သယ်ယူစရိတ် ငွေကျပ်သိန်း ၂၀၀ ခန့် ကုန်ကျကြောင်း၊ ဆက်လက်၍ စေတီတော်ပရိဝုဏ်အတွင်း (၃၆x၈၁)ပေ၊ အာရုံခံတန်ဆောင်းကို တည်ဆောက်ရန် ယခုအခါတွင် အုတ်မြစ်ချကာ အာရုံခံတန်ဆောင်းထဲတွင် ၉ ပေ ၉ လက်မရှိ ကျောက်စိမ်းရုပ်ပွားတော်၊ ကျောက်စိမ်းနဂါးရုံဘုရား၊ ဗျာဒိတ်ပေးဘုရားများ နှင့် ခေတ်တော်တိုက်ကိုလည်း တည်ထားမှုပြုသွားရန် စီစဉ်နေကြောင်း သိရသည်။

ရွှေမြိုင်(မောင်ဖုန်း)

## မဟာမုနိဘုရားကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်ပွားနေသည့်အတွက် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအား ၂၉-၃-၂၀၂၀ ရက်နေ့မှစတင်၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှာ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် ဘုရားကြီးဩဝါဒစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီတော်များအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်မှစ၍ ပြန်လည်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

**ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေးဆောင်ရွက်သွားမည့်အစီအစဉ်**

၁။ ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်။

၂။ ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်။

၃။ ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်းရှင်လူများနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်။

၄။ မဟာမုနိဘုရားကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၆ နာရီအချိန်မှ ၇ နာရီအချိန်ထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအချိန်ထိ လည်းကောင်း၊ နံနက် ၁၀ နာရီအချိန်မှ မွန်းလွဲပိုင်း ၁၁ နာရီအချိန်ထိလည်းကောင်း နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁ နာရီအချိန်မှ ၂ နာရီ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ နာရီမှ ၄ နာရီအချိန်ထိ လည်းကောင်း၊ ညနေ ၅ နာရီအချိန်မှ ၆ နာရီအချိန်ထိလည်းကောင်း မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၂၅၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ်၊ စုစုပေါင်း ၁၅၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်။

၅။ တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၂၅၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်။

၆။ ဘုရားကြီးအား ဖူးမြော်ချိန်အဖြစ် တစ်ကြိမ်လျှင် ၁ နာရီခွင့်ပြုမည်ဖြစ်ပါသည်။

၇။ ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ)အား ဖြည့်စွက်ပေးရမည် ဖြစ်ပါသည်။ ပိုမိုမြန်ဆန်စေရေးတွက် ကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသား ယူလာနိုင်ပါသည်။

၈။ ဘုရားဖူးပြည်သူများသည် မဟာမုနိဘုရားကြီးအား ဝင်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

**ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၁။ ဖျားခြင်း(ကိုယ်အပူချိန် ၁၀၀.၄ ˚F/၃၈ ˚C ထက် ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 သံသယလက္ခဏာ တစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ။

၂။ ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ထားရမည်။ အသက် ၆၀ အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုးစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ဝတ်ဆင်လာရပါမည်။

၃။ ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်။

၄။ ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာလိုက်နာရမည်။

၅။ ဘုရားသို့စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင် (သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်ခွာသည့်အခါတွင် စောင်းတန်းအဝင်ဝနှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့်ရေကို အသုံးပြု၍ လက်ကိုအနည်းဆုံး စက္ကန့် (၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ်အနည်းဆုံး (၆၀ ရာခိုင်နှုန်း) ပါဝင်သော ရေမလိုသည့် လက်သန့်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ။

၆။ ဘုရားရှိခိုးပြီးတိုင်း (လက်ကို ကြမ်းပြင် (သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကိုစနစ်တကျ ချက်ချင်းပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ်အနည်းဆုံး(၆၀ ရာခိုင်နှုန်း) ပါဝင်သော ရေမလိုလက်သန့်ဆေးရည် (Hand Sanitizer) ဘူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်။

၇။ စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်။

၈။ ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ထွက်ပေါက်များနှင့် ဘုရားပရိဝုဏ်အတွင်း တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ဖူးမြော်နိုင်ရေးသတ်မှတ်ထားသည့်အတိုင်း စနစ်တကျတိကျစွာလိုက်နာရမည်။

၉။ ဘုရားကြီး၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်။

၁၀။ ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အမှိုက်ပုံးများအတွင်းသို့ စနစ်တကျစွန့်ပစ်ရမည်။

၁၁။ ဘုရားကြီးသို့ သွားရောက်ဖူးမြော်ခဲ့ပြီးနောက် ၇ ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၆** - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



# ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိမှုများပြားလာ ထင်းသုံးစွဲမှု သိသာလျော့ကျလာနေ

ရေတာရှည် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နှစ်စဉ်ဆောင်းရာသီကာလရောက်တိုင်း မီးဖိုချောင်သုံးထင်းများကို သစ်တောကြိုးဝိုင်းများ၌ သွားရောက်ခုတ်ယူလေ့ရှိကြပြီး မိုးရာသီအတွက် ကြိုတင်ပြင်ဆင်စုဆောင်းမှုများ ဆောင်ရွက်ကြရစမြဲဖြစ်သည်ကို တွေ့ရသည်။ ယခုနောက်ပိုင်း ကျေးရွာဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် လျှပ်စစ်မီးများ ရရှိကြပြီဖြစ်ရာ လောင်စာထင်းသုံးစွဲမှု သိသာလျော့နည်းကျဆင်းသည်ကို သိရှိရသည်။

"အရင်တုန်းကတော့ ကိုယ့်မှာလှည်းနဲ့ နွားရှိတော့ လူတစ်ယောက်လောက်ငှားပြီး တောမှာသွားခုတ်လို့ရတယ်။ အခုတော့ လှည်းနဲ့ နွားကရွာတွေမှာ အတော့်ကို ရှားကုန်ပြီ။ ရှိတဲ့သူလူကလည်း သူတို့တောင်းတဲ့ ဈေးရမှ တောမှာသွားခုတ်ပေးတာ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

အချို့ကျေးရွာများတွင် မိမိတို့ အိမ်ဝိုင်းအတွင်းရှိ မန်ကျည်းပင်၊ သရက်ပင်များနှင့် ကျေးရွာဝန်းကျင်ရှိ သစ်ပင်များကို ခုတ်လှဲ၍ လောင်စာထင်းအဖြစ် သုံးစွဲကြခြင်းများကြောင့် အရိပ်ရသစ်ပင်များ လွန်စွာရှားပါးသွားပြီဖြစ်သည်။

ကိုလွင်(ဆွာ)

# ကသာမြို့နယ် ခရမ်းချဉ်သီးစိုက်တောင်သူများ နယ်မှအဝယ်မလိုက်၍ အခက်တွေ့

ကသာ ဖေဖော်ဝါရီ ၆

ကသာမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းနံဘေး သဲသောင်မြေနုကျွန်းများတွင် ခရမ်းချဉ်သီးစိုက် တောင်သူများ နယ်မှ ကုန်သည်များ အဝယ်မလိုက်သည့်အပြင် ကချင်ပြည်နယ် ရွှေကူနယ်ဘက်မှ ဝင်ရောက်လာခြင်းကြောင့် ကသာမြို့နယ် ခရမ်းချဉ်သီး စိုက်ပျိုးတောင်သူများ အခက်ကြုံနေလျက် ရှိသည်။

"ဈေးကွက် စီးပွားရေးအရ မိသားစု စားဝတ်နေရေး အခြေပြု၍ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပါတယ်။ ခရမ်းချဉ်မျိုး လွယ်ကူစွာရတာနဲ့ ထွန်ယက်စိုက်ပျိုးထားရှိတာ မိုးရွာမှု မရှိတဲ့အတွက် ခရမ်းချဉ်သီး အသီးလှိုင်လှိုင် ပေါလာတော့ ဝယ်ယူရောင်းတွေလည်း အဝယ်လျော့နည်းလာတာမို့ ဈေးချရောင်းရတယ်။ စောစောစိုက်ပျိုးနိုင်သူတွေကတော့ တွက်ခြေကိုက်ပြီး အခုဇန်နဝါရီလမှ ပေါ်တဲ့သူတိုင်း ဈေးကွက်မရကြဘူး" ဟု ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးက ပြောသည်။

"ကသာမြို့ ဈေးကို ခရမ်းချဉ်သီးတွေ မန္တလေးဘက်မှ အချဉ်သီးနဲ့ အနှစ်သီးဆိုပြီး ဝင်ရောက်တယ်။ ကသာမြို့နယ် မြေနုကျွန်းပေါ်မှာ ခရမ်းချဉ်ပေါ်လာတော့ ကိုဗစ်ရောဂါဖြစ်တာနဲ့ ခရမ်းချဉ်သီး ဈေးကျတာကြောင့် အရောင်းနှေးတယ်။ ခရမ်းချဉ်သီး နေ့စဉ် ဝင်ရောက်လာချိန်ဖြစ်လို့ ကြာကြာထားရင် ပုပ်နိုင်တဲ့အတွက် များများကုန်ဖို့ ကျေးရွာအချို့ကို ဆိုင်ကယ်နဲ့ လိုက်ရောင်းသူတွေကို တစ်နေ့ရောင်း နောက်တစ်နေ့ရှင်း အကြွေးစနစ်နဲ့ ရောင်းပေးပါတယ်"ဟု ကသာမြို့ သီရိခေမာဈေးရှိ ကုန်စိမ်းရောင်းဝယ်ရေးပိုင်ရှင်တစ်ဦးက ပြောသည်။

ကသာမြို့ ဈေးတွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၊ ၂၀၀၊ ၃၀၀ အလုံးပေါ် မူတည်၍ ခရမ်းချဉ်သီး ဖြန့်ချီရာပွဲရုံများသို့ ခြင်းပြတ်ပေးသွင်း ရောင်းချနေကြောင်း သိရသည်။

ငွေအိုး (ကသာ)



ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး






# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေး ကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ် ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက် တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေး များကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင် မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ် ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင် ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19

## ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ




COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?

ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူအများအပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ဗိုင်းရပ်စ်ပိုးတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ဗိုင်းရပ်စ်ပိုးတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကြပ်တဲ့အချိန်တွေမှာလဲ ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။

## မြန်မာ့ရုပ်မြင်သံကြား

၇ - ၂ - ၂၀၂၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

(၆ : ၀၀) - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
(၇ : ၀၀) - Breakfast News
(၈ : ၄၀) - တရုတ်ကာတွန်း "ပိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း" (အပိုင်း- ၅)
(၉ : ၁၀) - (၇၄) နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
"တိုင်းရင်းသားတို့လူမှုဝန်းကျင်မျိုးစုံလင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်" (နေပြည်တော်)
(ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ)
(၉ : ၃၅) - လှပစုံလင်အာဆီယံတစ်ခွင်
(၉ : ၄၅) - Mingalarbar English သင်ခန်းစာအစီအစဉ်(အပိုင်း-၄)
(၁၀ : ၀၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစိန်ရတုဂုဏ်ပြုအစီအစဉ်"စိန်ရတုခရီးသည်"(အပိုင်း-၄)
(၁၀ : ၃၀) - "မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်"
(၁၂ : ၃၅) - This Week's Special Interest
(၁၂ : ၅၀) - ဆေးရောင်စုံရုပ်ရှင်"လျှို့ဝှက်သောနှင်း"
(ညွန့်ဝင်း၊ လွင်မိုး၊ လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-စင်ရော်မောင်မောင်)

**ညပိုင်း**

(၁၆ : ၃၅) - "ရှမ်းရိုးရာခေါင်းပေါင်း"
(၁၇ : ၁၅) - ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
(၁၇ : ၄၀) - ရာဇဝင်ထဲကသမိုင်းအနုပညာ "သမိုင်းထဲက စစ်ကိုင်း"(အပိုင်း-၁၇)
(၁၈ : ၂၅) - လှေလာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ကမ္ဘာကျော်တူရိယာ စစ်ကိုင်းဂစ်တာ"
(၁၉ : ၃၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအစီအစဉ် "စိန်ရတုခရီးသည်"(အပိုင်း-၅)
(၂၀ : ၀၀) - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
(၂၁ : ၀၀) - "ဘဝနှင့် အနုပညာ" (အကယ်ဒမီငြိမ်းငြိမ်းအိ)
(၂၁ : ၂၀) - မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်တက္ကစီ"
(ခန့်စည်သူ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-သန့်ဇင်အောင်)
- တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)

## ပုဏ္ဏားကျွန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ ထုတ်ချေးပေး

**စစ်တွေ ဖေဖော်ဝါရီ ၆**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဏ္ဏားကျွန်းမြို့နယ် အောင်ဇေယျကျေးရွာအုပ်စု အောင်ဇေယျကျေးရွာ၌ ယမန်နေ့က ကိုဗစ်-၁၉ ကာကွယ်လမ်းညွှန်ချက်နှင့်အညီ ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၄၁ ဒသမ ၀၀ သန်းကို မြစိမ်းရောင် အသင်းသား အသင်းသူ ၈၂ ဦးထံသို့ ထုတ်ချေးပေးသည်။ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးဌာနက ကျေးရွာတာဝန်ခံ ဒေါ်စောဝင်းမေ(ဒုဦးစီးမှူး)နှင့် ဒေါ်ဌေးဌေးလှိုင်(ဒုဦးစီးမှူး)တို့က ကျေးရွာမြစိမ်းရောင်ကော်မတီဝင်တို့အား လုပ်ငန်းများ လုပ်ဆောင်ကြရာတွင် စာရင်းဇယားများ မှန်မှန်ကန်ကန်ရှိနိုင်ရေးနှင့် လုပ်ငန်းများ ဆောင်ရွက်ရာ၌လည်း အလေအလွင့်မရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၅ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၃ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၈ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၅ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၇၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၆၀၀ | ၁၆၆၅ | ၁၅၄၅၃၅၀၀ |
| MTSH | ၃၅၀၀ | ၃၇၀၀ | ၈၉၀၄ | ၃၂၂၉၃၁၅၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၄၈ | ၁၀၅၆၀၀၀ |
| TMH | ၂၄၅၀ | ၂၆၀၀ | ၁၈၅ | ၄၆၅၀၀၀ |
| EFR | ၃၁၅၀ | ၃၅၀၀ | ၂၄၆ | ၈၃၇၃၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်ပြည်တစ်လွှား ပြတိုက်များ

မောင်သာ(ရှေးဟောင်းသုတေသန)


နေပြည်တော် အမျိုးသားပြတိုက်ရှိ နိုင်ငံတော်သမ္မတ လက်ဆောင်ပစ္စည်းပြခန်းမှ ပစ္စည်းတစ်ခု


ရန်ကုန်အမျိုးသားပြတိုက်တွင် ပြသထားသည့် သီဟာသနပလ္လင်

မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် ပြတိုက်၏ အဓိပ္ပာယ်ကို "ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှ အကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟု ခေါ်ဆိုနိုင်ပေသည်"ဟု ဖွင့်ဆိုသည်။ အခြေခံ ပြတိုက်ပညာစာအုပ်တွင် ပြတိုက်ကို ရှေးဟောင်းပစ္စည်းများ သို့မဟုတ် အမှတ်တရ မှတ်တမ်းတင်ထားရှိရမည့် ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီးဟု ရေးသားထားသည်။

ကမ္ဘာတစ်ဝန်း၌ ပြတိုက်ပေါင်း ၅၅၀၀၀ ကျော် ရှိသည့်အနက် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုးတို့၏ ယဉ်ကျေးမှုနှင့်သမိုင်းကို ပြသလေ့ရှိသည့် အမျိုးသားပြတိုက်များသည် ယင်းနိုင်ငံများသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာ့နိုင်ငံများ၏ခေါင်းဆောင်များ အပါအဝင် ပြည်တွင်းပြည်ပ ဧည့်သည်များ သွားရောက်ကြည့်ရှု လေ့လာကြရသည့် နေရာတစ်ခု ဖြစ်လာခဲ့သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် နေပြည်တော်တွင် အမျိုးသားအဆင့် ပြတိုက်ကြီးတစ်ခုစီနှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ရှေးဟောင်းသုတေသနပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်နှင့် အခြားပြတိုက်အချို့ကို ဖွင့်လှစ်ထားပေသည်။

**မြန်မာနိုင်ငံပြတိုက်များ၏ နောက်ခံ**

ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီးဌာနကို ၁၉၅၂ ခုနှစ် မတ်လ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ပြတိုက်သည် ဌာနတစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပြတိုက်ဌာနကို နိုင်ငံတော်စာကြည့်တိုက်၊ အမျိုးသား ပန်းချီခန်းမဆောင်တို့နှင့် ပေါင်းစည်း၍ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနအဖြစ် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ပြတိုက်များသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနတို့ကို ပေါင်းစည်းဖွဲ့စည်းခဲ့သည့် ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန လက်အောက်သို့ ရောက်ရှိခဲ့ကာ ၂၀၁၃ အောက်တိုဘာ ၄ ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင် ရှိခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ မူဝါဒသုံးရပ်တွင် ပြတိုက်များနှင့် စပ်လျဉ်း၍ "ပြည်တွင်း၊ ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အသိပညာ ဗဟုသုတဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့် စာကြည့်တိုက်များက ရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးရန်ဖြစ်သည်"ဟု ပါရှိခဲ့သည်။

ထို့အတူ ဌာန၏ မျှော်မှန်းချက်အဖြစ် (၁)ရှေးဟောင်းသုတေသနလုပ်ငန်းကို သုတေသနအမြင်မှသည် လူမှုအဖွဲ့အစည်း၏ အကျိုးစီးပွားကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုပါ စိတ်ဝင်စားမှု ပိုမိုလာနိုင်စေခြင်း၊ (၂)ပိုမိုစနစ်ကျသော သတင်းအချက်အလက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်တို့ကို ဆောင်ရွက်ခြင်းဖြင့် တိကျမြန်ဆန်သော သုတေသနလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ခြင်း၊ (၃)မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လုပ်ငန်းများကို အမျိုးသားအဆင့် (National Level)တွင်သာမက ဒေသဆိုင်ရာအဆင့်(Regional Level)၊ ကမ္ဘာလုံးဆိုင်ရာအဆင့်(Global Level)အထိ ချိတ်ဆက်၍ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတကာ အာရုံစိုက်မှုရရှိစေခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာလိုသူများ ပိုမိုလာနိုင်ခြင်း၊ (၄)ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဒေသအဖြစ် တိုးမြှင့်တည်ရှိနိုင်ရေးနှင့် မီဒီယာအသွင် ထိရောက်သော ပညာပေး ဆောင်ရွက်မှုကြောင့် လူထုနှင့်နိုင်ငံတကာတို့က မြန်မာ့ရှေးဟောင်းအမွေအနှစ်နှင့် သုတေသနပညာရပ်များအား ကျယ်ပြန့်စွာ သိမြင်လာနိုင်ခြင်း၊ (၅)ပြတိုက်နှင့် စာကြည့်တိုက်များ ခင်းကျင်းပြသမှုစနစ်တွင် ခေတ်မီနည်းစနစ်များ အစားထိုးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအဆင့်မီပြတိုက်နှင့် စာကြည့်တိုက်များ ပေါ်ထွန်းလာစေခြင်း၊ (၆)ရှေးဟောင်းဝတ္ထုပစ္စည်းများ ပိုမိုရှာဖွေဖော်ထုတ်၊ စုဆောင်း၊ ပြသလာနိုင်သည်နှင့်အမျှ မြန်မာအမျိုးသားတို့၏ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားမှုတို့ကို သိမြင်လာနိုင်စေခြင်း၊ (၇)ရှေးဟောင်း သုတေသနဆိုင်ရာ၊ ပြတိုက်နှင့် စာကြည့်တိုက်များဆိုင်ရာ ပညာရပ်များ ဖြန့်ဖြူးခြင်းဖြင့် ယဉ်ကျေးမှု အသိစိတ်ဓာတ်များ ပေါ်ပေါက်ခိုင်မာလာစေခြင်းဟူ၍ ချမှတ်ထားခဲ့ရာ ပြတိုက်များနှင့် စာကြည့်တိုက်များသည် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိနေပေသည်။

ထို့အတူ ဌာနရည်မှန်းချက်တွင် ပြတိုက်နှင့် စာကြည့်တိုက်များ တိုးချဲ့ တည်ဆောက်ဖွင့်လှစ်၍ ပညာပေးရေးလုပ်ငန်းများ၊ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ဟု ထည့်သွင်းသတ်မှတ်ခဲ့သည်။

**အမျိုးသားပြတိုက် နှစ်ခု**

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြန်မာဘုရင်တို့၏ တော်ဝင်နန်းသုံးဖြစ်သည့် သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ယူဆောင်ပြီး ကာလကတ္တားပြတိုက်တွင် ထားရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ချိန်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့် ဆန္ဒရှိကြောင်း ဗြိတိသျှဘုရင် ဂျော့ထံ အကြံပြုခဲ့ပြီး ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရသည် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည် ပို့ဆောင်ပေးခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ် မတ်လ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံမှောက်၌ သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ လော့ဒ်မောင့်ဘက်တန်က ပြန်လည် လွှဲပြောင်းပေးခဲ့သည်။

ထိုအချိန်က အမျိုးသားပြတိုက်ကို မတည်ဆောက်ရသေးသဖြင့် သီဟာသနပလ္လင်ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်၌ ထားရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဦးဝိစာရလမ်းရှိ ဂျူဗလီခန်းမသို့ ပြောင်းရွှေ့ပြသခဲ့သည်။ သို့သော် ဂျူဗလီခန်းမတွင် သီဟာသနပလ္လင်နှင့် ရှေးဟောင်း အနုပညာပစ္စည်း အနည်းငယ်ကိုသာ ပြသနိုင်ခဲ့သည်။

ထို့ကြောင့် ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ အထပ်သုံးထပ် ပါရှိသည့် ဂရင်းလေးဘဏ်ဟောင်း အဆောက်အအုံ (ယခု စက်မှု လက်မှု ဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အများပြည်သူများအား ဖွင့်လှစ်ပြသခဲ့သည်။ ယင်းအမျိုးသားပြတိုက်တွင် သီဟာသန ပလ္လင်ကို မြေညီထပ်၌ ထားရှိ၍ ကျန်အထပ်များတွင် မင်းခမ်းတော်ပစ္စည်းများ၊ ရှေးဟောင်းသုတေသန တူးဖော်မှုများမှ ရရှိသည့် ပစ္စည်းများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်ပစ္စည်းများကို ပြသခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် အမျိုးသားပြတိုက်ကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့ နေရာအသီးသီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် လက်ရှိ အမျိုးသားပြတိုက်သစ်ကို တည်ဆောက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၆၆/၇၄)တွင် တည်ရှိသည့် လက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)သည် အထပ်ငါးထပ်ပါဝင်၍ အလျား ပေ ၃၈၀ နှင့် အနံ ပေ ၂၀၀ ရှိသည်။ ယင်းပြတိုက်ကို ၁၉၉၀ ပြည့်နှစ်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၉၆ စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဧရိယာ ၃ ဒသမ ၈၀၄ ဧက ကျယ်ဝန်းသည့် အမျိုးသားပြတိုက်ဝင်းအတွင်း၌ သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်၍ အင်အားတောင့်တင်းသည့် မြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ကြသည့် အနော်ရထာမင်းကြီး (ခရစ်နှစ် ၁၀၄၄–၁၀၇၇)၊ ဘုရင့်နောင်မင်းကြီး (ခရစ်နှစ် ၁၅၅၀–၁၅၈၁)နှင့် အလောင်းမင်းတရား ဦးအောင်ဇေယျ(ခရစ်နှစ် ၁၇၅၂–၁၇၆၀) တို့၏ သက်ရှိ အရွယ် ရုပ်တုများကို စိုက်ထူထားသည်။

အမျိုးသားပြတိုက်(ရန်ကုန်)တွင် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့မြို့ပြ ယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းနှင့် အာဆီယံပြခန်းဟူသည့် ပြခန်း ၁၃ ဆောင် ဖွင့်လှစ်ပြသထားသည်။

၂၀၁၀ ပြည့်နှစ်တွင် နေပြည်တော်၌ အမျိုးသားပြတိုက်သစ်တစ်ခု တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ခဲ့ပြီး နေပြည်တော်အမျိုးသားပြတိုက် အဆောက်အအုံကို ၃၄ ဒသမ ၇၉ ဧက ကျယ်ဝန်းသည့် မြေကွက်ပေါ်၌ ၂၀၁၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် ပန္နက်တင်ခဲ့သည်။ နေပြည်တော် အမျိုးသားပြတိုက်သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမပေါ်ရှိ ကြာပန်းအဝိုင်းအနီး၌ တည်ရှိသည်။ ပြတိုက်အဆောက်အအုံတွင် အဆောင်ငါးဆောင်ပါရှိ၍ အဆောင် အေ နှင့် ဘီ တို့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပထမအဆင့် ဖွင့်လှစ်ခဲ့သည်။

နေပြည်တော် အမျိုးသားပြတိုက်သို့ ဝင်လိုက်သည်နှင့် ခန်းမဆောင်ဝင်ပေါက်အလယ်၌ ကြီးမားသော ဆွမ်းအုပ်နီကြီးတစ်ခုကို မြင်ရသည်။ အဆောင် အေ၏ ခန်းမဆောင်ငယ်(Mini Theatre)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတအား ပြည်ပနိုင်ငံခေါင်းဆောင်များက ပေးအပ်ခဲ့သည့် လက်ဆောင်ပစ္စည်းများကို ပြသထားရာ အရှေ့တောင်အာရှ၊ အာရှ၊ ဥရောပနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ လှပဆန်းပြားသော လက်ဆောင်ပစ္စည်းများကို ဂုဏ်ယူဖွယ် တွေ့မြင်ကြရသည်။

နေပြည်တော် အမျိုးသားပြတိုက်တွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့သမိုင်းတင်ခေတ်ဦးပြခန်း(ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစုအထိ)၊ သမိုင်းတင်ခေတ်ပြခန်း (အေဒီ ၁၁ ရာစုမှ ၁၄ ရာစု)၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့ အနုသုခုမပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်းနှင့် ကလေးသူငယ် ပညာပေးပြခန်းတို့ကို ခင်းကျင်းပြသထားသည်။

**အမျိုးသားပြတိုက် ပြကွက်များ**

ရန်ကုန်အမျိုးသားပြတိုက်တွင် ပြသထားသည့် ပစ္စည်းများအနက် သီဟာသနပလ္လင်တော် မူရင်း၊ ပျူမင်းဆက်အမည်များ ရေးထိုးထားသည့် ဘုရားထောင်အရိုးအိုး၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အလောင်းမင်းတရား ရွှေပေလွှာ ဒီဂျစ်တယ်မိတ္တူ၊ သီပေါမင်း၏ ဒုရင်တော်နှင့် စုဖုရားလတ်၏ မဟာလတာတန်ဆာ ဝတ်ရုံတော်၊ နှစ် သန်း ၄၀ သက်တမ်းရှိပြီဖြစ်သည့် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ လက်ယာမင်းခမ်းတော် ၁၇ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၈ ပါး၊ ပျူခေတ်လက်ရာ ရွှေနယားလက်ကောက် ခေါင်းပိုင်း၊ နွားရုပ်ပါ ရွှေဆွဲပြား၊ ပျူခေတ်နှောင်းပိုင်းလက်ရာ ရွှေတံဆိပ်ပြားလက်စွပ်နှင့် ကုန်းဘောင်ခေတ်လက်ရာ ရွှေဒါလီဆန်းဘယက်တို့ကို လာရောက်ကြည့်ရှုသူများက အလွန်စိတ်ဝင်စားကြသည်။

ထို့အတူ နေပြည်တော် အမျိုးသားပြတိုက်တွင် ပြသထားသည့် ပစ္စည်းများအနက် နိုင်ငံတော်သမ္မတ လက်ခံရရှိခဲ့သည့် ပြည်ပနိုင်ငံခေါင်းဆောင်များ၏ လက်ဆောင်ပစ္စည်းများကို ကြည့်ရှုသူအများစုက အထူးစိတ်ဝင်စားကြသည်။ ထို့အတူ လူသားအစ မြန်မာကဟု ဂုဏ်ယူကြရမည့် လွန်ခဲ့သော နှစ်သန်း ၄၀ က ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပျူခေတ်လက်ရာ နယားခေါင်းပုံ ရွှေလက်ကြပ်၊ ဆင်သုံးကောင်ပုံပါ ကျောက်ဆွဲကြိုး၊ သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် သီဟဝိက္ကမ ပျူဘုရင် ကျောက်အရိုးအိုး၊ ပုဂံဘုရားအမှတ်(၂၁၁၈)မှ ရရှိခဲ့ပြီး အရုပ် ၇၈ ရုပ် ပါရှိသည့် လက်ဖဝါးအရွယ်အန္တဂူ(Dolomite Stone)ရုပ်ကြွတို့သည် အလွန်ထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ဖြစ်ကြပေသည်။

**အခြားပြတိုက်များ**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် အမျိုးသားပြတိုက်ကြီးနှစ်ခုအပြင် ရှေးဟောင်းသုတေသန ပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်စသည်တို့ကို ဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ထိန်းသိမ်းပြသထားသည်။

ကမ္ဘာ့အမွေအနှစ် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း၊ ကမ္ဘာ့အမွေအနှစ် ပုဂံနှင့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများဖြစ်သည့် မြောက်ဦး၊ အင်းဝ၊ တကောင်း၊ ရွှေဘို၊ ဟံသာဝတီမြို့ဟောင်းတို့တွင် ရှေးဟောင်းသုတေသနပြတိုက်များကို ဖွင့်လှစ်ခဲ့သည်။

ယဉ်ကျေးမှုပြတိုက်များကိုလည်း စာကြည့်တိုက်နှင့် တွဲလျက် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ ထားဝယ်၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုးနှင့် ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ထားသည်။ ဗုဒ္ဓပြတိုက်များကို စစ်တွေ၊ စစ်ကိုင်းနှင့် ဘုတလင်တွင် ဖွင့်လှစ်၍ ပုံစံတူပြတိုက်များကို မန္တလေးနန်းတွင်း၌ မြနန်းစံကျော်ရွှေနန်းတော် ပုံစံငယ်ပြတိုက်နှင့် ပဲခူးမြို့၌ ကမ္ဘောဇသာဒီနန်းတော် ပုံစံတူပြတိုက်ကို ဖွင့်လှစ်ခဲ့သည်။

ထူးခြားပြတိုက်များအဖြစ် ဗိုလ်ချုပ်နေအိမ်ပြတိုက်(နတ်မောက်)၊ ဗိုလ်ချုပ်နေအိမ်ပြတိုက်(ရန်ကုန်)၊ စလေ ရုပ်စုံကျောင်းပြတိုက်နှင့် ကျောက်တော် မဟာမုနိပြတိုက်တို့ကို ဖွင့်လှစ်ထားသည်။

ယဉ်ကျေးမှု အမွေအနှစ် စံနှုန်းများနှင့် ကိုက်ညီသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို လုံခြုံစိတ်ချစွာ တည်ရှိနေရေး၊ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ သေသပ်လှပ တင့်တယ်စွာ ပြသနိုင်ရေး၊ အများပြည်သူများ ဗဟုသုတရရှိစေရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က ပြတိုက်များကို ဖွင့်လှစ်ပြသထားသဖြင့် နေရာဒေသအသီးသီးရှိ ပြတိုက်များတွင် ပညာရှင်များ၊ သုတေသီများ၊ ကျောင်းသားကျောင်းသူများ အပါအဝင် မည်သူမဆို သွားရောက်လေ့လာနိုင်ကြသည်။

ထို့ကြောင့် ပြတိုက်များသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု အမွေအနှစ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့် နေရာများဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ အပါအဝင် မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွားဧည့်သည်များပါ လာရောက်လျက်ရှိသည့် ယဉ်ကျေးမှုမှတ်တမ်းဌာနများ ဖြစ်လာခဲ့ကြပေသည်။ ။

**“ဗြိတိသျှတို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ ယူဆောင်ပြီး ကာလကတ္တားပြတိုက်တွင် ထားရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ချိန်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုကြောင်း ဗြိတိသျှဘုရင် ဂျော့ထံ အကြံပြုခဲ့ပြီး ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရက သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်”**

**ကိုးကား**

**(၁) အမျိုးသားပြတိုက်များ လေ့လာရေး မှတ်စုများ**
**(၂) မြန်မာ့သမိုင်းကို ဖော်ကျူးနေတဲ့ အမျိုးသားပြတိုက် (Info Digest)**

# တာမွေဈေးကို အဆင့်မြင့်ဈေးအဖြစ်တည်ဆောက်ရန် မြေဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်မြို့ တာမွေ(ယာယီ)ဈေးကို အဆင့်မြင့်ဈေးသစ်ကြီးအဖြစ် ပြန်လည်တည်ဆောက်လျက်ရှိရာ မြေပြင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ အုတ်မြစ်ချရန်အတွက် မြေဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"ဒီနေ့ဆိုရင် ပထမအလွှာဖြတ်ပြီးသွားပါပြီ။ မြေရဲ့အပေါ်ယံကြောဖြစ်တဲ့ ခုနစ်ပေအနက် ပထမအလွှာကိုဖြတ်ပြီးသွားပြီ၊ ဒုတိယအလွှာထပ်ဖြတ်ဖို့ ကျန်ပါသေးတယ်။ လောလောဆယ် တည်ဆောက်ရေးလုပ်ငန်းတွေ ဖြစ်တဲ့ မြေဖြတ်လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့ တာမွေဈေးတာဝန်ခံ ဦးသူရဝင်းက ပြောသည်။

တာမွေဈေးကို ၁၁၁ ကုမ္ပဏီက တင်ဒါအောင်မြင်ကာ ဈေးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပြင်းထန်နေချိန်တွင် လုပ်ငန်းများ ခေတ္တရပ်နားထားခဲ့သော်လည်း ယခုအခါ ဈေးရုံတည်ဆောက်ခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဈေးရုံသစ်ကြီး တည်ဆောက်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း စတင်ခဲ့ကာ တရားဝင်အုတ်မြစ်ချခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစဉ်မှ လပေါင်း ၃၀ အတွင်း



အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ မြေအောက်ထပ်အပါအဝင် အလွှာပေါင်းငါးလွှာ ထည့်သွင်းတည်ဆောက်မည့် ဈေးတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပါက မြေညီထပ်နှင့် ပထမထပ်တို့တွင် ဈေးရုံဟောင်း၌ ဖွင့်လှစ်ခဲ့သော ဆိုင်ခန်းနေရာများကို ပြန်လည်ချထားပေးမည်ဖြစ်ပြီး ဒုတိယထပ်နှင့် တတိယထပ်တို့တွင် မော်တော်ယာဉ်အစီးရေ ၃၀၀ခန့် ရပ်နားနိုင်မည့်နေရာများ ထားရှိမည်ဖြစ်ကာ စတုတ္ထထပ်တွင် ရုပ်ရှင်ရုံကဲ့သို့ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ စီမံဖန်တီးပေးမည်ဖြစ်ကြောင်း သိရသည်။ ဈေးရုံသစ်ကြီးအတွင်း မူလဈေးရုံဟောင်းမှ မှတ်ပုံတင် ဆိုင်ခန်းပေါင်း ၆၄၂ ခန်းနှင့် ပုံကျကတ်ပြားဖြင့် ရောင်းချလျက်ရှိသော ဆိုင်ခန်းပေါင်း ၇၆၁ ခန်းတို့ကို ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တာမွေ (ယာယီ) ဈေးရှိ ဈေးသူဈေးသားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ရောင်းချလျက်ရှိပြီး နေ့စဉ် သားငါး၊ ဟင်းသီးဟင်းရွက်နှင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသောလူသုံးကုန်ပစ္စည်းများကို အဓိကထားရောင်းချလျက်ရှိကာ အဝတ်အထည်၊ ရွှေနှင့် ဖိနပ်ပစ္စည်း အရောင်းဆိုင်များမှာ အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။

ဈေးတာဝန်ခံရုံးအနေဖြင့် ဈေးရောင်းဈေးဝယ် အများဆုံးအချိန်တွင် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ ပါးစပ်၊ နှာခေါင်းစည်း၊ မျက်နှာအကာများ တပ်ဆင်အသုံးပြုရန် နေ့စဉ်ဆော်ဩမှုများ ပြုလုပ်ပေးနေပြီး လက်ဆေးစင်နှင့် အမှိုက်ပုံးများ ထားရှိကာ သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ဈေးဖွင့်ချိန်အနေဖြင့် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားပြီး လပြည့်၊ လကွယ်၊ ဥပုသ်ရက်များတွင် မနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေ့တစ်ဝက်သာဖွင့်လှစ်ကာ ကျန်အချိန်များတွင် အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်း၊ ဓာတ်ပုံ - တင်စိုး**

# ကျောက်ပန်းတောင်း - ညောင်ဦး ကားလမ်းဘေးရှိ ရိုးရာထန်းတဲအရောင်းဆိုင်များတွင် ထန်းမျှော်စင်များ ပြုလုပ်ထား

**ညောင်ဦး ဖေဖော်ဝါရီ ၆**

ကိုဗစ် - ၁၉ ရောဂါကြောင့် ပိတ်ထားသည့် ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်ဖွင့်လျှင်လည်ပတ်နိုင်ရန် ကျောက်ပန်းတောင်း - ညောင်ဦး ကားလမ်း ဝဲ/ယာရှိ ရိုးရာထန်းတဲများသို့ ဘုရားဖူးလေ့လာရေးခရီးသွားများ ဝင်ရောက်လာချိန်တွင် လေ့လာနိုင်ရန် ထန်းမျှော်စင်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း ပိုင်ထန်းတဲပိုင်ရှင် ဦးမောင်စန်းက ပြောသည်။

ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမကြီးဘေးဝဲ/ယာ ညောင်ဦးဘက်ခြမ်းတွင် ရိုးရာထန်းတက်လုပ်ငန်းဖြင့် ထန်းထွက်ပစ္စည်းများ ရောင်းချလုပ်ကိုင်လာခဲ့ရာ ကိုဗစ် -၁၉ ရောဂါစတင်ဖြစ်ပွားချိန် ၂၀၂၀ ပြည့်နှစ် မတ်လဒုတိယပတ်မှစတင်ကာ ရိုးရာထန်းတဲ ဆိုင်များပိတ်ထားခဲ့ရပြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသပြန်လည်ဖွင့်လှစ်ချိန် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်ကြမည့် ခရီးသွားဘုရားဖူးများ ဝင်ရောက်စားသောက်နားနေနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်း ဦးမောင်စန်းက ရှင်းပြသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊ ရာသီအလိုက်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန် အမျိုးအစားများကို ၂၀၁၈ ခုနှစ် မေလ ၂၁ ရက်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်ထားသည့် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်းသို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံးငွေကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်ဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကိုလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ဖရဲဈေးကွက်ကို ကနဦးတင်ပို့နိုင်သူများ အကျိုးအမြတ်ရရှိ နောက်ကျစိုက်ပျိုးသူများ အခင်းစွန့်သွားသူများပင်ရှိနေ

**ရေတာရှည် ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဖရဲစိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများစွာရှိပြီး ရာသီစောစွာ စိုက်ပျိုးနိုင်သူများသာ ဈေးကွက်ကောင်းကောင်းဖြင့် ရောင်းချရပြီး နောက်ကျသူများအနေဖြင့် ဈေးနှုန်းကျဆင်းခြင်းအပြင် လက်ရှိမြေငှားရမ်း စိုက်ပျိုးသူအချို့မှာ ဖျက်ပိုးကျရောက်မှုကို မထိန်းနိုင်တော့သည့်အဆုံး အခင်းလိုက်အဆုံးရှုံးခံလိုက်ရသည်ကို တွေ့ရသည်။

"ကျွန်တော်စိုက်တာက ဆွာမင်းလမ်းရွာနဲ့ တံတားကြီးရွာအကြားပေါ့။ မိုးစပါး မစိုက်ဘူး။ ဖရဲစိုက်ရအောင် တမင်ထယ်ထိုးပြီး မြေလှပ်ထားတာ ဇူလိုင်လကတည်းက စိုက်ပျိုးရေးလုပ်ငန်းစလုပ်တာပေါ့။ အပင်ပျိုးထောင် ပေါင်ဆွဲပြီးနှစ်တောင်ကြား တစ်ပင်စိုက်တယ်။ အပင်ပေါက် ၁၀ ရက်သားလောက်ကျတော့ အပင်အကြီးအသေးညှိတဲ့ မြေဩဇာဇွန်းဝက်လောက်ကျွေးတယ်။ နောက်အပင်ပေါင်ဆင်းလာပြီ၊ အပွင့်ဖူးဝင်ပြီဆိုရင် အသီးဖမ်းစာအတွက် ကွန်ပေါင်းမြေဩဇာက အပင် ၅၀၀ ကို တစ်အိတ်နှုန်းကျွေးရတယ်။ တစ်ဧကမှ အပင် ၁၃၀၀ နဲ့ ၁၄၀၀ ကြား စိုက်တဲ့အခါမှာ တစ်ပင်ကို တစ်လုံးနှုန်းပဲ ချန်တာ။ အစာကို နောက်ဆုံးလေးရက်မြောက်မှာ အစာကြီးပိတ် ဂေါ်ထိုးလှန်ပြီး လက်တစ်ကုတ်စာကျွေးပြီးလို့ နှစ်လခွဲသားဆိုရင် ရေဖြတ်တယ်။ တစ်ပတ်ကြာဆိုရင် ခူးလို့ရပြီ" ဟု တံတားကြီးကျေးရွာနေ ဖရဲစိုက်ပျိုးတောင်သူ ဦးကိုကြီးကပြောသည်။

တရုတ်ဈေးကွက်ကို တင်ပို့ရာတွင် ကိုဗစ်ကာလဖြစ်၍ ကုန်တင်ယာဉ်တစ်ခေါက်လျှင် ဖရဲသီးအလုံးရေ ၁၂၀၀ ကျော်အလေးချိန် ၁၆ တန်တင်ဆောင်နိုင်ပြီး မူဆယ်အရောက်ယာဉ်တစ်စီးလျှင် အသီးတင်ခ ငွေကျပ်တစ်သိန်းခွဲခန့်နှင့် ယာဉ်ခငွေကျပ် ၁၆ သိန်း မှ ၁၈ သိန်းအထိ ပေးချေရကြောင်း၊ အသီးတင်ပေးလိုက်သူက မူဆယ်ပွဲရုံများရှိ ပွဲစားများကို ချိတ်ဆက်၍ ထိုပွဲစားမှတစ်ဆင့် တရုတ်နိုင်ငံဘက်ရှိ ပွဲစားဖြင့် ထပ်မံချိတ်ဆက်ကာ ရောင်းချရာတွင် ယာဉ်မောင်းချိန်းရသည်များလည်းရှိကြောင်း သိရသည်။

"ကိုဗစ်ကာလဆိုတော့ ကိုယ်ကလည်းလိုက်လို့မရတော့ ပွဲစားနဲ့ချိတ်ရတယ်။ ဒီဘက်ကပွဲစား၊ ဟိုဘက်က ပွဲစားတွေပဲ အဆင်ပြေကြတာ။ ဖရဲဈေးကွက်က အတက်လည်းမြန်တယ်။ အကျလည်းမြန်တယ်။ ငွေလဲနှုန်းကလည်းရှိသေးတယ်။ ကျွန်တော်ကတော့နှစ်ခေါက်ပို့တာ ငွေကျပ်သိန်း ၃၀ ကျော်လောက် အမြတ်ရလိုက်လို့တော်သေးတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တရုတ်ဈေးကွက်ကို တင်ပို့သော ဖရဲသီးအရွယ်အစား စံနှုန်းသည် အလေးချိန် ၈ ပိဿာ မှ ၁၀ ပိဿာအရွယ်ဖြစ်ပြီး တန်းမဝင်သောအသီးများကို နယ်ဈေးကွက်၌ ရောင်းချနေရသူများလည်း ရှိနေသည်။ ပဲခူးတိုင်းဒေသကြီးအလယ်ပိုင်းဒေသဖြစ်သော ဒိုက်ဦးမြို့နယ်မှ ဖရဲစိုက်တောင်သူများသည် နှစ်စဉ်လိုလို မြေကေပြတ်အငှားဖြင့် လာရောက်စိုက်ပျိုးခြင်း၊ အကျိုးတူ ဖက်စပ်စိုက်ပျိုးသူများလည်းရှိရာ ရာသီအပြောင်းအလဲကြောင့် စိုက်ပျိုးရေမလုံလောက်သည့်အပြင် ရောဂါပိုးမွှားများကို နေ့စဉ်ဆေးပက်ဖျန်းနေသော်လည်း မနိုင်မနင်း ဖြစ်နေသည့် အခြေအနေကြောင့် သီးလက်စဖရဲခင်းအား ယင်းအတိုင်းပင် အရှုံးခံထားရစ်ခဲ့ကြောင်း ဖရဲခင်းစောင့်သူမြောက်လွှတ်ကုန်းရွာနေသူတစ်ဦးက ပြောသည်။



"အခုစိုက်ထားတာက ခြောက်ဧကပေါ့။ မြေငှားထားရတာ စတင်စိုက်ပျိုးချိန်ကတည်းကနေ ခုထိဆိုရင် မြေငှားခ၊ ထွန်ယက်ခ၊ မျိုးစရိတ်၊ လုပ်သားငှားရတာ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးအမျိုးမျိုးရဲ့ ကုန်ကျစရိတ်က ငွေကျပ်သိန်း ၅၀ ကျော်သွားပြီ။ ရောဂါပိုးတွေက မနိုင်တော့ဘူး။ ဒီဆေးဖျန်းတော့ ဟိုပိုးကျ၊ အဲဒီပိုးကို သတ်တဲ့ဆေးဖျန်းပြန်တော့ နောက်တစ်မျိုးကလာပြန်ရော။ အခင်းအနေအထားက သိပ်မစွံတဲ့အပြင် တရုတ်ဈေးကွက် အနေအထားကလည်း အားရစရာမရှိတော့ ဆက်မလုပ်တော့ဘဲ အရှုံးနဲ့ပြန်သွားတာ။ ဆက်လုပ်လည်း ဒီထက်ပိုဆုံးရှုံးဖို့ပဲ ရှိတော့တယ်"ဟု ၎င်းက ပြောသည်။

အလားတူ အကျိုးတူ စိုက်ပျိုးသူများအနေဖြင့်လည်း အရှုံးဖြင့် ရပ်တန့်သွားကြရပြီး ဖရဲစိုက်ပျိုးမည်ဆိုပါက ရာသီအစောဆုံး ဈေးကွက်ရအောင် ရောင်းချနိုင်မှသာ အဆင်ပြေမည်ဟု သုံးသပ်မှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

# မော်လိုက်မြို့နယ်၌ မျောက်ငိုသီးဝယ်လက်မရှိသဖြင့် မျောက်ငိုသီးစိုက်ပျိုးသူများ ရောင်းအားကျဆင်း

**မော်လိုက် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တွန်းပင်ကျေးရွာတွင် မျောက်ငိုသီးများကို မိသားစုဝင်ငွေရရှိစေရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မျောက်ငိုသီးဝယ်လက်များ လာရောက်ဝယ်ယူခြင်း၊ တင်ပို့ခြင်းများ မရှိသည့်အတွက် မျောက်ငိုသီးရောင်းအားများ ကျဆင်းနေသည်။

"တစ်ပိုင်တစ်နိုင်အနေနဲ့ အိမ်ဝင်းထဲနဲ့ ယာခင်းဘေးတွေမှာ မျောက်ငိုသီးပင်စိုက်ထားတာ အပင် ၃၀ ကျော်လောက်ရှိတယ်။ မနှစ်ကဆိုရင် မျောက်ငိုသီးရောင်းရငွေကျပ် ၁၀ သိန်းဝန်းကျင်လောက်ရတယ်။ ဒီနှစ်တော့ အရောင်းအဝယ်မရှိဘူး။ လောလောဆယ် မျောက်ငိုသီးဝယ်သူ မလာသေးဘူး။ နှစ်တိုင်းဒီအချိန်ဆို တမူးဘက်က ဝယ်လက်တွေလာပြီး မျောက်ငိုပင်တွေကို ခြံပြတ်တွေ လာဝယ်ကြတယ်။ အခုကတော့ ကိုဗစ်ကာလလည်းဖြစ်နေတော့ လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေကြောင့် ဝယ်လက်တွေ လာရောက်ဝယ်ယူခြင်း မရှိသေးဘူး။ အခုချိန်ကလည်း မျောက်ငိုသီးက နည်းနည်းတော့ နုသေးတယ်။ နောက်လတွေဆိုရင်တော့ သူ့ဈေးနဲ့သူ ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု တွန်းပင်ကျေးရွာနေ မျောက်ငိုသီးစိုက် တောင်သူဦးမြင့်စိုးက ပြောသည်။

"အရင်နှစ်တွေတုန်းကတော့ မျောက်ငိုသီးရောင်းရငွေနဲ့ သားသမီးတွေရဲ့ ပညာသင်ကြားရေး၊ မိသားစုစားဝတ်နေရေးတွေ အဆင်ပြေခဲ့ပါတယ်။ ဒီနှစ်ကတော့ မျောက်ငိုသီးကို အခုချိန်ထိ မရောင်းရသေးပါဘူး။ ဝယ်သူလည်းမရှိဘူး။ နှစ်တိုင်းဆို တမူးဘက်က လာလာဝယ်ကြတယ်။ ဒီနှစ်တော့ အဲဒီဝယ်လက်တွေလည်း မလာကြဘူး" ဟု မျောက်ငိုသီးစိုက်ပျိုးရောင်းချသူ ဒေါ်ချိုမာက ပြောသည်။

ချင်းတွင်းဒေသအထက်ပိုင်းတွင် မျောက်ငိုသီးများကို မီးကင်၍သော်လည်းကောင်း၊ ဇွန်းခြစ်၍သော်လည်းကောင်း ဟင်းတစ်ခွက်အနေဖြင့် ချက်ပြုတ်ကာ စားသုံးကြလေ့ရှိပြီး မြန်မာနိုင်ငံ နယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ကသည်းပြည်နယ်တွင် အများဆုံးစားသုံးကြသည့်အတွက် ဒေသထွက်ပို့ကုန်အနေဖြင့် တမူးမြို့ဘက်သို့ အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။

မော်လိုက်မြို့နယ် တွန်းပင်ကျေးရွာရှိ ပြည်သူများအနေဖြင့် မိသားစုဝင်ငွေရရှိစေရန် မျောက်ငိုသီးပင်များကို တစ်ပိုင်တစ်နိုင် အများဆုံးစိုက်ပျိုးရောင်းချနေကြသော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါကာလအတွင်း မျောက်ငိုသီးဝယ်လက်များ မရှိသဖြင့် ရောင်းအားများ ကျဆင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

လူသားတို့၏ ကျန်းမာရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဒလမြို့နယ်တွင် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ဒလမြို့နယ်တွင် ကျောင်းသား/ကျောင်းသူများ ပညာပိုမိုသင်ယူနိုင်ရေးအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်အား ဒလမြို့နယ်ရခိုင်ချောင်ကျေးရွာ(မြောက်)ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်နေခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် JICA တို့မှ ပူးပေါင်း၍ ဂျပန်နိုင်ငံအစိုးရ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်နေခြင်းဖြစ်သည်။ ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်သစ်မှာ ပေ (၁၄၄ x ၃၀) တစ်ထပ်တိုဖြစ်ကာ လှူဒါန်းငွေကျပ် သန်းပေါင်း ၃၄၅ ဒသမ ၅၂၅ သန်းဖြင့် သီဟရာဇာစိုးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်နေခြင်းဖြစ်သည်။

ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် မင်္ဂလာပန္နက်တင်အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးနှင့် သီဟရာဇာစိုးကုမ္ပဏီမှ တာဝန်ရှိသူတို့က သတ်မှတ်နေရာများတွင် မင်္ဂလာပန္နက်တိုင်များ စိုက်ထူပေးခဲ့ကြောင်းလည်း သိရသည်။ ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်များအား ယခုနှစ် ၈ လပိုင်းတွင် အပြီးဆောက်လုပ်ရမည်ဖြစ်သော်လည်း စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီပြီး သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ယူဆောက်လုပ်နေသည့် ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရခိုင်ချောင်ကျေးရွာ(မြောက်) အနီးတွင် ရွာပေါင်း ၁၀ ရွာ၊ အခြေခံပညာမူလတန်းကျောင်းပေါင်း ကိုးကျောင်းခန့်ရှိပြီး ရခိုင်ချောင်ကျေးရွာ (မြောက်)ရှိ အခြေခံပညာအထက်တန်းကျောင်းသည် အနီးပတ်ဝန်းကျင်ရှိ ကျောင်းသားကျောင်းသူများ သွားလာမှုအဆင်ပြေသည့် ပညာသင်ယူရာနေရာလည်းဖြစ်ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**



# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါ ကာကွယ်၊ တားဆီးရေး၊ ကုသရေး လုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေးခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိ လည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့်နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောခြင်း (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျ ချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဘူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာ လိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝ ရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့၊ အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့်ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည် ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖေဖော်ဝါရီ ၃ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး၊ ကောလာဟလများနှင့် ဘဏ်များ ပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# သတင်းတု၊ သတင်းမှားများ သတိထား













## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင် သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြား အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## COVID–19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဖေဖော်ဝါရီ ၆**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်


ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့







## ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း အကြောင်းကြားခြင်း (မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ၏ ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ(ဇ)အရ)

ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာ ပြန်လည်ရောင်းချရန် ဆန္ဒပြုထားသည့် အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်၊ နံနက် ၁၀:၃၀နာရီတွင် Video Conferencing Meeting (Zoom Webinar) ဖြင့် ကျင်းပပြုလုပ်ခဲ့သော အထွေထွေအစည်းအဝေး၌ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၏ ပုဒ်မ ၁၂၁(ခ)နှင့်အညီ ဘဏ်၏သာမန်အစုရှယ် ယာရှင်အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်ဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်
အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြ ရန် နှိုးဆော်အပ်ပါ သည်။ လိုက်နာခြင်းမရှိ ပါက တည်ဆဲဥပဒေ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက် သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။ **နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# အသိပေးကြေညာခြင်း

ပူးမန်းဟိုတယ် Pullman Mandalay Mingalar Hotel သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့် အမှတ် မနသ-၁၀၄ဖြင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ ဦးကျော်ကျော်ဝင်း အမည်ဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ဟိုတယ်ဖြစ်ပါသည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ)၏ ၁၁-၇-၂၀၁၉ ရက်စွဲပါ ဟိုတယ်လုပ်ငန်းလိုင်စင် အမှတ် H(MDY)-0303 ဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိထားသော ဟိုတယ်ဖြစ်ပါကြောင်းနှင့် အခြားမည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီမှ ပိုင်ဆိုင်ခြင်း(လုံးဝ)မရှိသည့် ဟိုတယ်ဖြစ်ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဝင်း**
**(ဟိုတယ်လုပ်ငန်းလိုင်စင်ရရှိသူ)**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဥက္ကလာပမြို့၊ (၁၈)ရပ်ကွက်၊ ကျောက်တိုင်လမ်းနေ တင်တင်အေးမိသားစု (မြန်မာထမင်းဆိုင်)ဦးကျော်မိုး (ခ) ဦးကော့ဝါ ၇/တငန(နိုင်)၀၈၆၄၈၇ - ဒေါ်တင်တင်အေး ၇/ တငန(နိုင်) ၀၄၆၆၂၈ တို့၏သား မောင်မင်းပြည့်လျှံ(ခ)ကျော်ဆုဒွေး ၇/တငန(နိုင်)၁၈၁၇၀၈ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ သူ့သဘောအတိုင်း လုပ်ဆောင်သွားပါသဖြင့် ၄-၂-၂၀၂၂ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမဆို မိသားစုမှ လုံးဝ(လုံးဝ) ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **မိဘ ဦးကျော်မိုး-ဒေါ်တင်တင်အေး**

### အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ သိမ်ဖြူမီးရထားဝင်း၊ အမှတ် ၁၇၁/၁၇၅ နေ ဒေါ်ရှုမြင်ရွယ်(ခ)ဒေါ်နန်း(ခ) ဒေါ်နန်းဒွဲ( MKA- ၀၉၉၀၉၂) ၁/မကန(နိုင်)၀၂၈၀၅၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း(ယခင်- ဦးအုန်းခိုင်လမ်း)၊ သိမ်ဖြူမီးရထားဝင်း၊ အမှတ် ၁၇၁/၁၇၅၊ (အခန်း-၆)(မြေညီထပ်)(ထပ်ခိုးပါ)၊ အကျယ်အဝန်း ၁၄' X၅၅'ရှိ တိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရှုမြင်ရွယ်(ခ)ဒေါ်နန်း(ခ) ဒေါ်နန်းဒွဲက ၂၈-၁၁-၁၉၉၂ ရက်ကတည်းက ပိုင်ရှင်ဦးစိုးလှိုင် (KLT- 115722)ထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပြီးနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ မြန်မာ့မီးရထားဌာန၌ လျှောက်ထားခဲ့ရာ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ကတည်းက ဒေါ်ရှုမြင်ရွယ်(ခ)ဒေါ်နန်း(ခ) ဒေါ်နန်းဒွဲ( MKA- ၀၉၉၀၉၂) ၁/မကန(နိုင်)၀၂၈၀၅၂ အား အမည်ပေါက်ချထား ပေးခဲ့ရာ ယနေ့တိုင်အောင် မြန်မာ့မီးရထားဌာနသို့ အိမ်လခများကို စဉ်ဆက်မပြတ်ပေးဆောင်လျက်ရှိနေပြီး လက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိနေပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှုမြင်ရွယ်(ခ)ဒေါ်နန်း(ခ) ဒေါ်နန်းဒွဲက ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲဒါန်းခြင်း၊ အာမခံအပေါင်ပစ္စည်းအဖြစ်ထားရှိခြင်း စသည်တို့အား ပြုလုပ်ဆောင်ရွက်ထားခြင်း လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် ဖော်ပြပါတိုက်ခန်း၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှုမြင်ရွယ်(ခ)ဒေါ်နန်း(ခ) ဒေါ်နန်းဒွဲ တစ်ဦးတည်းသာလျှင် ဖြစ်ပါကြောင်းနှင့် အထက်ဖော်ပြပါတိုက်ခန်းနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရှုမြင်ရွယ်(ခ)ဒေါ်နန်း(ခ) ဒေါ်နန်းဒွဲ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဝတ်ရည်သင်း**
**အထက်တန်းရှေ့နေ(စဉ်- ၅၀၄၃၈)**
**ရုံး-အမှတ်- ၁၄၂/၁၄၄၊ (၃-လွှာ)(ယာ) လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉- ၇၇၈၅၀၂၂၃၇၊ ၀၉- ၆၈၇၆၂၇၄၀၅**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင် နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာ များ စုံလင်စွာထားရှိပါ။ ငွေကြေး တတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူး ထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်နေ ဦးလှဝင်း-ဒေါ်စန်းစန်းချို တို့၏သား မောင်ဇင်မင်းအောင်သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း နှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်း မေးမြန်းခြင်းသည်းခံပါ။)

**ဦးလှဝင်း- ဒေါ်စန်းစန်းချို**
**အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်း
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ် ၁၀၀၊မြေညီ(B)နေ (ဦးချိန်စီတပ်-ဒေါ်ကွေအင်း) တို့၏သား၊ (ဒေါ်မြအုန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းလှိုင်၊ ဦးသန်းဝင်း-ဒေါ်ထားထားမြင့်၊ ဦးတင်ဝင်း- ဒေါ်ခင်မော်မော် တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၅-၂-၂၀၂၂ရက် (သောကြာနေ့)ည ၁၀:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ငွေး
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ကက(ငွေ)၊ အကျဉ်းဦးစီးဌာန
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ ရဲသူရိန်လမ်း၊ အမှတ် ၂၇၅နေ (ဦးသန်းညွှန့်- ဒေါ်မုန်း)တို့၏သား၊ (ဦးမြင့်-ဒေါ်ချို) တို့၏ သားသမက်၊ ဒေါ်ငွေးသီတာဦး(NIEC)၊ (ဦးဇော်လွင်ငွေး)-ဒေါ်စီစီကျော် တို့၏ဖခင်၊ ဒေါက်တာ စည်သူအောင်၏ အဘိုး၊ ဒေါ်သန်းနွဲ့(ကက-ငွေ)၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၂-၂၀၂၂ ရက်(သောကြာနေ့) နံနက် ၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၂၂ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမင်းနိုင်
### တပ်ကြပ်ကြီး (လေ) (ငြိမ်း)
### ဆုတောင်းပြည့် မယ်လမုစေတီတော်နာယက
### အသက်(၈၃)နှစ်

ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခဒေါက်တာချိုချိုမြင့်၏ ဖခင်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ် ၁၁၅ နေ ဦးမင်းနိုင်သည် ၂-၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

## ဦးမျိုးသန့်
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ခရေပင်လမ်းသွယ်၊ အမှတ် ၁၃၈/ခနေ (ဦးသော်ဒါ-ဒေါ်မြမြ)၊(ဦးမောင်ထွန်း-ဒေါ်ဝင်း) တို့၏သားသမက်၊ ဒေါ်စန်းစန်းအေး၏ခင်ပွန်း၊ ကိုနေလင်းထွန်း-မခိုင်စန္ဒာဆွေ၊ ကိုဆန်းမင်း-မဥမ္မာစိုး တို့၏ဖခင်၊ မောင်သုတထက်မြတ်၊ မောင်မင်းသုတတို့၏အဘိုး သည် ၅-၂-၂၀၂၂ရက် (သောကြာနေ့)ည ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးအောင်သူမောင်မောင်ကြီး
### C.M.A Shipping Line M.V APLRAFFLES
### အသက်(၅၀)

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး)-ဒေါ်သင်းသင်းမော်တို့၏ သားလတ်၊ ဒေါ်အေးအေးမေ၏တူ၊ ဦးစည်သူ-ဒေါ်ဥမ္မာဦးတို့၏ညီ/မောင်၊ ဦးနေသူမောင်မောင်ကြီး-ဒေါ်နှင်းပပခိုင် တို့၏အစ်ကို၊ မောင်ရှင်းသန့်စည်သူ၊ မောင်ဟိန်းသန့်စည်သူ၊ မသွန်းမြတ်ဖူးငုံတို့၏ ဦးလေးသည် ၆-၂-၂၀၂၂ ရက်တွင် မလေးရှားစံတော်ချိန် နံနက် ၅:၀၅ နာရီတွင် သင်္ဘောပေါ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ (၃)ရပ်ကွက်၊ (၄)လမ်း၊ မြေကွက်အမှတ်(၁၆၈/ခ)၊ခြံအမှတ်(၅၆)၊ အကျယ်အဝန်း(၂၀ပေ× ၆၀ပေ) ရှိ ဦးမျိုးမြင့်မော် (၁၂/ရကန (နိုင်)၀၁၃၉၅၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမြင့်မော်၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၄၇၃/၂၀၂၀)အရ ရောင်းချပိုင်ခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်စန္ဒာတင် (၁၂/ရကန (နိုင်)၀၂၁၁၄၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇,၀၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၆၅)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၈၅၆) ခု | (၂၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၆၆) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၇၇) ခု | (၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၂၈၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၆၁) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) | (၄၆၄)ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၀၈၇) ခု | (၁၉) ဦး |
| စုစုပေါင်း | (၇,၀၈၁) ခု | (၆၅) ဦး |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၈-၁-၂၁ | ၂၉-၁-၂၁ | ၃၀-၁-၂၁ | ၃၁-၁-၂၁ | ၁-၂-၂၁ | ၂-၂-၂၁ | ၃-၂-၂၁ | ၄-၂-၂၁ | ၅-၂-၂၁ | ၆-၂-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၆,၃၇၈ | ၁၈,၂၇၁ | ၁၆,၃၂၅ | ၁၆၂၇၉ | ၉,၀၁၉ | ၁၂,၃၇၇ | ၁၁,၁၉၆ | ၁၃,၈၄၆ | ၁၁,၈၃၃ | ၇,၀၈၁ |
| ပိုးတွေ့လူနာ | ၃၅၀ | ၃၆၃ | ၃၄၉ | ၂၈၁ | ၂၀၉ | ၃၁၀ | ၂၆၃ | ၁၇၇ | ၂၀၀ | ၆၅ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၁ | ၂.၀ | ၂.၁ | ၁.၇ | ၂.၃ | ၂.၅ | ၂.၄ | ၁.၃ | ၁.၇ | ၀.၉ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။
(၂၈-၁-၂၀၂၁)ရက်နေ့မှ (၆-၂-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၃,၂၆၁) ခု ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❖


ယနေ့ သတင်း အညွှန်း

မောင်တောမြို့နယ်တွင် ငွေကျပ် သိန်း ၆၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိ
စာ » ၁၁

ကိုဗစ်အစီအစဉ်က ပထမအကြိမ် ကာကွယ်ဆေးတွေကို နိုင်ငံရဲ့ လူဦးရေအချိုးအတိုင်း ဖြန့်ဝေပေးတော့မယ်
နိုင်ငံတကာရေးရာ စာ » ၁၄

မြန်ပြည်တစ်လွှား ပြတိုက်များ
ဆောင်းပါး စာ » ၂၀




လက်ပံကြီးတော ရေလွှဲဆည် (နန်းလှိုင်း) ကို တွေ့ရစဉ်။

# လက်ပံကြီးတော ရေလွှဲဆည်(နန်းလှိုင်း) အကျိုးကျေးဇူးကြောင့် ဒေသခံပြည်သူများ ဆောင်းသီးနှံစိုက်ပျိုးနိုင်မှုကြောင့် ဝင်ငွေတိုး

**ကောလင်း ဖေဖော်ဝါရီ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်ရှိ လက်ပံကြီးတော ရေလွှဲဆည်(နန်းလှိုင်း)သည် နန်းလှိုင်းချောင်းကိုပိတ်၍ ဆည်တည်ထားသော ကျေးရွာလက်လုပ်ဆည်ဖြစ်သည်။ နန်းလှိုင်းချောင်းသည် ဝန်းသိုမြို့နယ် မိုင်းသုံတောင်မှ ချောင်းဖျားခံ၍ စီးဆင်းနေသော ချောင်းဖြစ်သည်။ နန်းလှိုင်းချောင်းသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စီးဆင်းနေပြီး မိုးရာသီကုန်အထိ ရေစီးဆင်းနေသောချောင်းဖြစ်သည်။

နန်းလှိုင်းချောင်းသည် ဝန်းသိုမြို့နယ် လက်ပံကြီးတောအုပ်စု ဇီးဖြူပင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ နန်းလှိုင်းချောင်းရေကို ၁၉၅၅ ခုနှစ်က လက်ပံကြီးတောအုပ်စုရှိ ကျေးရွာများဖြစ်ကြသော ဇီးဖြူပင်၊ ငွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ ရှမ်းစုနှင့် စိန်လည်ကျေးရွာများရှိ တောင်သူလယ်သမားများသည် စပါးစိုက်ပျိုးရန်အတွက် ချောင်းကို ကျောက်ကြီးများပစ်ချ၍ သစ်လုံးများဖြင့်ချုပ် လက်လုပ်ဆည်တည်ဆောက်ထားသဖြင့် ခိုင်ခံ့မှုမရှိခြင်း၊ တစ်နှစ်တစ်ခါ ပြန်လည်ပြုပြင်ရခြင်းများ ရှိခဲ့သည်။ ကျေးရွာလူထုအသိပညာဖြင့် တည်ဆောက်ထားသော လက်လုပ်ဆည်ဖြစ်သဖြင့် စနစ်မကျခြင်း၊ ခိုင်ခံ့မှုမရှိခြင်း၊ အချိုးအစားမကျခြင်း၊ ရေမလုံခြင်း၊ စိုက်ပျိုးရေအပြည့်အဝမရရှိခြင်း၊ တစ်နှစ်တစ်ခါ ပြန်လည်ပြုပြင်ရသဖြင့် ငွေကုန်လူပန်းဖြစ်ခြင်းများ

စာမျက်နှာ ၆ ကော်လံ ၁ ●